မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပေါင်းလဆန်း ၁၀ရက်၊ ၂၀၁၀ခုနှစ်၊ ဖေဖော်ဝါရီ ၂၂ရက်၊ တနင်္လာနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၄၅)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စစ်ကိုင်းတိုင်း ကသာမြို့နှင့် ကချင်ပြည်နယ် ဗန်းမော်မြို့သို့ ဆက်သွယ်ပေးမည့် ပြည်ထောင်စုရထားလမ်း၏ အစိတ်အပိုင်းဖြစ်သော ကသာ-မိုးတားကြီး ရထားလမ်းပိုင်းဖွင့်

ရထားလမ်းပြီးစီးပါက မန္တလေးမှ ဗန်းမော်အထိ ခရီးသည်နှင့် ကုန်စည် တိုက်ရိုက်သွားလာ တင်ပို့နိုင်မည်

နိုင်ငံတော်၏စေတနာကြောင့် လမ်းပန်းဆက်သွယ်မှု အထောက်အကူပြုရထားလမ်း ပေါ်ထွန်းလာမည်

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့ ကသာ-မိုးတားကြီး ရထားလမ်းပိုင်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက အကောင်အထည်ဖော် ဖောက်လုပ်ပြီးစီးသွားသည့် ကသာ-ဗန်းမော် ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၏ ကသာ-မိုးတားကြီး ရထားလမ်းပိုင်းသစ် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈နာရီတွင် ကသာ(မြောက်) ဘူတာသစ်ယာဒ်ဝင်း မင်္ဂလာမုခ်ဦးရှေ့၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ တပ်မတော်အရာရှိကြီးများ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာ့မီးရထားမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

ကသာ - မိုးတားကြီး ရထားလမ်းပိုင်းသစ်ဖွင့်ပွဲ

ကသာ-ဗန်းမော် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ ကသာ-မိုးတားကြီး ရထားလမ်းပိုင်းသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်)

ဈေးကွက်ဝင် လက်ဖက်စိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့်ဖော်ဆောင်

မြန်မာနိုင်ငံ၏ ရေမြေသဘာဝ ရာသီဥတုအခြေအနေသည် သီးနှံစိုက်ပျိုးဖြစ်ထွန်းရန် ရေခံ၊ မြေခံ ကောင်းလှသည်။ ပြည်ထောင်စုတစ်ဝန်း သဘာဝရာသီဥတုနှင့် လိုက်ဖက်ညီသည့် သီးနှံများကို စီးပွားဖြစ်စိုက်ပျိုးနိုင်သည်။

အထူးသဖြင့် ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တို့သည် လက်ဖက်စိုက်ပျိုးရန် သဘာဝက ဖန်တီးထားသကဲ့သို့ရှိသည်။ ယခုအခါ နိုင်ငံအလယ်ပိုင်း ပုပ္ပားဒေသတွင်ပါ လက်ဖက်ကို စီးပွားဖြစ် စိုက်ပျိုးနိုင်ပြီဖြစ်သည်။

လက်ဖက်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၀၀၀ခန့်တွင် စိုက်ပျိုးဖြစ်ထွန်းသည်။ ချင်းပြည်နယ်တွင် လက်ဖက်ကို လက်ဖက်ပြည်နယ်အဖြစ် ရည်မှန်းပြီး အင်တိုက်အားတိုက် တိုးချဲ့စိုက်ပျိုးနေသည်။ ၂၀၀၇-၂၀၀၈ လက်ဖက်စိုက်ရာသီတွင် ဟားခါးမြို့၌ ဌာနဆိုင်ရာ ၂၄ခုက ပျိုးပင် ၃၄၀၀၀၀ စိုက်ပျိုးခဲ့သည်။ ပုဂ္ဂလိက ရပ်ကွက်၊ ကျေးရွာများမှ ပျိုးပင်ပေါင်း ၅၄၁၈၅၀ စိုက်ပျိုးနိုင်ခဲ့သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် လက်ဖက်စိုက်ဧက ၁၂၇၄၈၃ ဧကရှိပြီး ရှမ်းပြည်နယ် (တောင်ပိုင်း) တွင် ၅၀၅၅၄ဧက စိုက်ပျိုးခဲ့သည်။ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လက်ဖက်စိုက်ဧက ၂၂၁၉၈၀ ရှိသည်။ တစ်ဧကပျမ်းမျှအထွက်နှုန်းသည် ၂၉၀ ဒသမ ၆၉ပိဿာအထိ ရှိသည်။ မြန်မာနိုင်ငံ၏ လက်ဖက်တစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် ခေတ်မီစိုက်ပျိုးရေးနည်းပညာများကို အသုံးပြု ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

လက်ဖက်စိုက်ပျိုးထုတ်လုပ်မှုနှင့် စပ်လျဉ်းပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လက်ဖက်ပညာရှင်များ၊ JICA မှ ဂျပန်ပညာရှင်နှင့်လည်းကောင်း လက်ဖက်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ပြီးခဲ့သည့်နှစ် မေလက ကျင်းပခဲ့သည်။

အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အိန္ဒိယ၊ သီရိလင်္ကာနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံများတွင်လည်း စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ကမ္ဘာ့ဈေးကွက်သို့ ပိုမိုတင်ပို့နိုင်ရေးအတွက် မြန်မာနိုင်ငံ၏ လက်ဖက်စိုက်ပျိုးထုတ်လုပ်မှုကို ပိုမိုတိုးချဲ့ စိုက်ပျိုးထုတ်လုပ်သွားကြရမည်ဖြစ်ပါကြောင်း ရေးသား လိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✻ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✻ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပန်းဝါသနာရှင်အသင်း (၁၆)နှစ်ပြည့် နှစ်ပတ်လည် ပန်းပြပွဲဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း၏ (၁၆)နှစ်ပြည့် နှစ်ပတ်လည် ပန်းပြပွဲ ဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၀ရက် နံနက်က ရန်ကုန်မြို့ မရမ်းကုန်း မြို့နယ် မင်းဓမ္မလမ်းနှင့် တော်ဝင်လမ်းထောင့်ရှိ မင်းဓမ္မပြပွဲ ပြိုင်ပွဲကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းနာယကများ၊ အသင်းဝင်များ၊ ပြိုင်ပွဲဝင်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အားပေး

ရှေးဦးစွာ မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း နာယကများဖြစ်သော ဒေါ်ခင်သန်းနွဲ့၊ ဒေါက်တာဒေါ်ခင်ဆန်းနွယ်နှင့် ဒေါ်ခင်ညွန့်မြိုင်တို့က ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ခင်းကျင်းပြသထားသော ပြိုင်ပွဲဝင်ပန်းအလှပင်များကို ကြည့်ရှုအားပေးကြသည်။

ချီးမြှင့်

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကိုကျင်းပရာ အသင်းနာယက ဒေါ်ခင်သန်းနွဲ့နှင့် တာဝန်ရှိသူတို့က ပန်းအလှပြင်ဆင်ခြင်း၊ သစ်သီးအလှပြုပြင်ခြင်း၊ ပြည်တွင်း ပြည်ပ သစ်ခွပန်း၊ ရွက်လှပင်၊ အရွက်လှပင်၊ သက်ကြီးပုပင်၊ ပန်းအလှပင်၊ ရာသီပန်း၊ နှင်းဆီပန်း၊ ပိန်းပန်း၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ အသီးပါအပင် (ရာသီပင်၊ နှစ်ရှည်ပင်)၊ ကျောက်ခက်ပြိုင်ပွဲများနှင့် ရှားစောင်းပြိုင်ပွဲ အသီးသီးတို့၌ ဆုရရှိကြသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **(အပေါ်ယာပုံ)** **(သတင်းစဉ်)**

တွဲဖက်အလယ်တန်းကျောင်းဆောင်သစ် မော်လမြိုင်ကျွန်း၌ ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၂၁

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်း မြို့နယ် ရောက်ချောင်းကျေးရွာအုပ်စု စိန်ပန်းကျေးရွာ တွဲဖက်အခြေခံပညာ အလယ်တန်းကျောင်းဆောင်သစ်ကို ဂျပန်အစိုးရနှင့် BAJ(အာရှဂျပန်ပေါင်းကူးအဖွဲ့)တို့ ပူးပေါင်းကူညီမှု၊ ကျေးရွာပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဆောက်လုပ်လှူဒါန်းခဲ့သော(ပေ ၈၀×ပေ ၃၀× ၁၂ပေ) ရှိသော ကျောင်းဆောင်သစ် လေးခန်းတွဲ၊ ရေလောင်းအိမ်သာ၊ ကျောင်းသုံးပရိဘောဂများနှင့် အားကစားပစ္စည်းများ ဆောင်ရွက်မှု မှတ်တမ်းစီဒီကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၀ရက်က အဆိုပါကျောင်း၌ ကျင်းပသည်။

အဆိုပါ ကျောင်းဆောင်သစ် လွှဲပြောင်း ပေးအပ်ပွဲတွင် လက်ထောက်မြို့နယ်ပညာရေးမှူး ဦးကျော်နှင့် BAJ စီမံကိန်း မန်နေဂျာ ဦးအေးကိုဝင်းတို့က အမှာစကားပြောကြားကြသည်။ ထို့နောက် ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများနှင့် မှတ်တမ်း စီဒီအား BAJ ငွေစာရင်းအရာရှိ ဒေါ်ဇင်မာထွန်းက ကျောင်းအုပ်ဆရာကြီး ဦးစယောသထံ လွှဲပြောင်းပေးအပ်သည်။ (၁၄၂)

ပခုက္ကူဦးအုံးဖေ စာပေဆုရ တေးသီငှက်၏ ပန်းပေါင်းတစ်ရာကဗျာစု စာအုပ်ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ၂၀၀၈ခုနှစ် ပခုက္ကူဦးအုံးဖေ စာပေဆုကဗျာပေါင်းချုပ် ပထမဆုရ အောင်သာဆန်း (သံတွဲ)ရေးသားသည့် တေးသီငှက်၏ပန်းပေါင်းတစ်ရာကဗျာစု စာအုပ်ကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။

ဝယ်ယူရရှိနိုင်

ယင်းကဗျာစာအုပ်တွင် ကဗျာအတို၊ အရှည်ပုဒ်ရေစုစုပေါင်း ၁၀၀တို့ဖြင့် ကဗျာစပ်နည်း စုံလင်စွာ သီကုံးဖွဲ့ဆိုထားသည့် ကဗျာစာအုပ်ဖြစ်သည်။ အဆိုပါစာအုပ်ကို စာပေဗိမာန်စာအုပ်ဆိုင် (တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင်အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ စာပေဗိမာန်စာအုပ်ဆိုင် မန္တလေးမြို့ ဖုန်း- ၀၂-၆၂၉၃၁နှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်သည်။ **(သတင်းစဉ်)**

နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသား စိစစ်ရေးကတ်ပြား ပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၅ရက် မွန်းလွဲ ၁နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း ဆရာဝန်အသင်းတိုက် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးလှဒေါင်းနှင့် ခရိုင်ဦးစီးမှူးများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ငြိမ်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် ညွှန်ကြားရေးမှူး ဦးလှဒေါင်းက နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းနှင့် စပ်လျဉ်း၍ သိသင့်သိထိုက်သည်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ၃၅၀ကို ပေးအပ်ကြကြောင်း သတင်းရရှိသည်။ (ဝဲပုံ) **(သတင်းစဉ်)**

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(အင်္ဂါနေ့-နံနက်+နေ့လယ်+ည)

၂၃-၂-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၀၅	တရားတော် **(ဓမ္မဂုဏ်)** ဓမ္မပူဇာတေးပဒေသာ
၇း၂၀	(၃၈)ဖြာမင်္ဂလာ
၇း၂၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန် + သတင်း ဆောင်းပါး
၈း၁၀	နံနက်ခင်းတေးပဒေသာ
၈း၂၀	ပြောပါရစေရှင် (သောကတောင်တု မျက်ကွယ်ပြု)
၈း၄၀	တေးပဒေသာ
၉း၀၀	အစီအစဉ်ပြီး၏။
၁၀း၀၀	မွေးနေ့လက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၀း၄၅	ခံတွင်းမြိန်စရာ သူ့လက်ရာ (ပုစွန်ငါးပေါင်းထုပ်)
၁၀း၅၅	တေးသီချင်း
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅	Talk on Line (သူရလင်း)
၁၁း၅၀	တေးပဒေသာ
၁၂း၀၀	စံတော်ချိန် Current Song (11) တေးပဒေသာ
၁၂း၄၀	ရွှင်လန်းစေချင် သောတရှင် (ရှေ့)
၁၃း၀၀	မွန်းလွဲပိုင်းသတင်း
၁၃း၁၀	ပညာရေးအစီအစဉ် (ဘီအီးဒီ-သင်္ချာတတ်ကျွမ်းမှု) တေးပဒေသာ
၁၃း၃၀	အစီအစဉ်ပြီး၏။
၁၆း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀	ဆောင်းပါး
၁၆း၃၀	၂၀၁၀ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ အထောက်အကူပြု သင်ခန်းစာ- (မြန်မာစာ)
၁၇း၀၀	မေတို့တွက်တာ အလှကမ္ဘာ (အိမ်တွင်းအလှပြင်နည်းသုံးမျိုး)
၁၇း၁၀	တေးပဒေသာ
၁၇း၂၅	သတင်းစာဆောင်းပါး
၁၇း၃၀	ညနေခင်းတေးပဒေသာ
၁၇း၄၅	ထူးဆန်းထွေလာ ဤမြေကမ္ဘာ အမှတ်စဉ်(၂၈)
၁၈း၀၀	ညနေခင်းသတင်း
၁၈း၁၀	ညနေခင်းတေးပဒေသာ
၁၈း၃၀	စာအုပ်စာပေ လှူမိတ်ဆွေ (၁) မနားရသောသမားတစ်ဦး၏ ဘဝခရီး-ကမ္ဘောဇခင်လှိုင် (၂) သားအတွက် စကား လက်ဆောင်-ကောင်းသန့် တေးပဒေသာ
၁၉း၀၀	နိုင်ငံတကာသတင်း
၁၉း၁၀	ဇာတ်လမ်းပမာ နားဆင်စရာ **(ဆီနဲ့ရေ)** နိုင်ငံရေးဦးတည်ချက်
၁၉း၃၀	ညချမ်းချိန်ခါတေးပဒေသာ
၂၀း၀၀	ပြည်တွင်းသတင်း
၂၀း၂၀	တေးစီးရီး(ခေတ်နဲ့အချစ်-အိခိုင်ဇံ) စီးပွားရေးဦးတည်ချက်
၂၁း၀၀	ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်း ကဏ္ဍ
၂၁း၁၅	ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀	အစီအစဉ်ပြီး၏။

နွားထိုးကြီး အထက ပညာရေးစုံညီပွဲ ကျင်းပ

နွားထိုးကြီး ဖေဖော်ဝါရီ ၂၁

နွားထိုးကြီး အထက၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၈ရက်က အထက အောင်သူရိန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နွားထိုးကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ဒုတိယရဲမှူး သန်းဝင်းနှင့် ပညာရေးမှူး ဦးဝင်းမြင့်တို့က အမှာစကားပြောကြားကြပြီး ထူးချွန် ကျောင်းသားများအား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းကြည်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်သည်။ (၀၉၂)

ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့မဈေးကြီးအတွင်း မီးလောင်ဆုံးရှုံးမှုမရှိစေရေး၊ မီးဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်းနှင့်အဖွဲ့ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဈေးသူ ဈေးသားများ စုပေါင်းမီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ကြစဉ်။ (မြို့နယ်စည်ပင်)

လူမှုဒုက္ခ ဝေးလိုက စဉ်ပမီးဘေး ကာကွယ်ပေး

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ အမ်းလေဆိပ်တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် ဖေဖော်ဝါရီ ၁၉ရက် မွန်းလွဲပိုင်းတွင် အမ်းမြို့နယ် တပ်တောင်ကျေးရွာ၌ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဆိပ်ခံတံတားများနှင့် ရေယာဉ်များ ဆိုက်ကပ်ထားမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းတင်ပြ

တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဖေဖော်ဝါရီ ၂၀ရက် မွန်းလွဲ ၁နာရီတွင် အမ်းလေဆိပ်သို့ ရောက်ရှိကြရာ လေဆိပ်ရှင်းလင်းဆောင်၌ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး(လေယာဉ်ကွင်းပံ့ပိုး) ဦးကျော်စိုးက အမ်းလေယာဉ်ကွင်း၏ လေယာဉ်ပြေးလမ်း ကွန်ကရစ်ခင်းခြင်း၊ လေကြောင်းလမ်းညွှန်စက် အဆောက်အအုံ ဆောက်လုပ်ခြင်း၊ လေယာဉ်ချဉ်းကပ်လမ်းအတွင်း မလွတ်ကင်းသည့် တောင်ဖြိုခြင်း၊ လေကြောင်းထိန်းမျှော်စင် တည်ဆောက်ခြင်း၊ လေဆိပ်ခြံစည်းရိုးကာရံခြင်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဝန်ကြီးက အမ်းလေဆိပ်ပတ်ဝန်းကျင် အမြဲစိမ်းလန်းစိုပြည်ပြီး သန့်ရှင်းလှပစေရန် ပန်းအလှပင်နှင့် အရိပ်ရပင်များ၊ လေကာပင်များ စနစ်တကျ စိုက်ပျိုးသွားရန်၊ ဆက်သွယ်ရေးစက်များ၊ အချက်ပြမီးများ ကောင်းမွန်စေရေး နေ့စဉ်စစ်ဆေးသွားရန်၊ လေယာဉ်ကွင်းလုံခြုံရေး အမြဲမပြတ်ဂရုပြုဆောင်ရွက်သွားရန်၊ တည်ဆောက်ရေးလုပ်ငန်းများ အလေအလွင့်မရှိစေရေး တာဝန်ရှိသူအဆင့်ဆင့် ကြပ်မတ်ဆောင်ရွက်သွားရန်၊ လေယာဉ်ကွင်းဧရိယာအတွင်း ရေစီးရေလာကောင်းမွန်စေရေး စီစဉ်ဆောင်ရွက်သွားရန်တို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် လေယာဉ်ပြေးလမ်း၊ လေယာဉ်သွားလမ်း၊ လေကြောင်းထိန်းမျှော်စင်ပြီးစီးမှုနှင့် လေယာဉ်ဆင်းသက်မှု အခြေအနေ၊ လေယာဉ်ပေါ်သို့ ခရီးသည်များ တက်/ဆင်း ဆောင်ရွက်နေမှုနှင့် လေဆိပ်ခြံစည်းရိုး ကာရံထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့ အမ်းလေဆိပ်တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဆက်သွယ်ရေးစီမံကိန်းလုပ်ငန်း ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၁

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် ဖေဖော်ဝါရီ၂၀ရက်တွင် စွမ်းအင်ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော ရတနာ-ရန်ကုန် ၂၄လက်မ ပြည်တွင်းသုံး ကမ်းလွန်သဘာဝဓာတ်ငွေ့ပိုက်လိုင်းဆက်သွယ်ရေးစီမံကိန်း၏ ဒေးဒရဲ- ဖျာပုံ- ဒေါ်ညိမ်းအပိုင်းအတွင်း ပိုက်ဆက်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဖျာပုံမြို့နယ်အတွင်းရှိ အခြားကျေးရွာအနီး အခြားချောင်းကူးနှင့် သမိန်ထောကျေးရွာအနီး အဖောင်ချောင်းကူးတို့၏ ကွန်ကရစ်ဖုံးပိုက်ခင်းထားမှု အခြေအနေများ၊ ဒေးဒလူကျေးရွာနှင့် ဒေါ်ညိမ်း ကျေးရွာအကြား ပိုက်ဆက်ဂဟေသားများ အရည်အသွေး စစ်ဆေးပြင်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ သတ်မှတ်အရည်အသွေးနှင့် စံချိန်စံညွှန်း ပြည့်မီရေး လိုက်နာဆောင်ရွက်ကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဝန်ကြီးသည် ဖျာပုံခရိုင် အမာမြို့နယ် ဒေါ်ညိမ်းကျေးရွာအနီး ဆောင်ရွက်လျက်ရှိသော Pipeline Centre တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး ကမ်းလွန်ပိုက်များနှင့် ကုန်းတွင်းပိုက်များဆက်သွယ်မည့် ဒေါ်ညိမ်း Landfall သို့ သွားရောက်၍ ပင်လယ်ကမ်းစပ်အတွင်း ပိုက်ခင်းမြောင်း တူးဖော်နေမှုနှင့် ပင်လယ်တွင်းမှပိုက်တွဲများ ဆွဲတင်မည့် ဝန်ချီစက်များ ပြင်ဆင်ထားမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အရည်အသွေးစစ်ဆေး

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ရတနာ-ရန်ကုန် ၂၄ လက်မ ပြည်တွင်းသုံးကမ်းလွန် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဆက်သွယ်ရေး စီမံကိန်းတွင် ပိုက်ဆက်ဂဟေသားများ အရည်အသွေး စစ်ဆေးပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော်လယ်ဝေး ပြန်/ဆက်ဦးစီးဌာန စာကြည့်တိုက်ပညာသင်တန်းဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

နေပြည်တော် လယ်ဝေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော စာကြည့်တိုက်ပညာသင်တန်း အမှတ်စဉ်(၁/၂၀၁၀)ဖွင့်ပွဲကို ဇန်နဝါရီ ၁၆ရက် နံနက်၉နာရီတွင် သက်ကယ်ချင်း စံပြကျေးရွာ ပညာကမ္ဘာ စာကြည့်တိုက်၌ ကျင်းပသည်။

ဆွေးနွေး

သင်တန်းတွင် သက်ကယ်ချင်း စံပြကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်စိုးက အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုကြီးက စံ(၅)ချက်နှင့် ညီညွတ်သော ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ရှင်းလင်းဆွေးနွေးသည်။

ရှင်းလင်းပို့ချ

ဆက်လက်၍ စာကြည့်တိုက်ပညာမိတ်ဆက်၊ မျိုးတူစုလုပ်ငန်း၊ စာအုပ်စာရင်းရေးသွင်းနည်း၊ စာအုပ်ငှားရမ်းနည်းနှင့် စာကြည့်တိုက်ရှိ စာအုပ်များ ထိန်းသိမ်းစောင့်ရှောက်နည်းများကို မြို့နယ်ရုံးဝန်ထမ်းများက ရှင်းလင်းပို့ချကြသည်။

(မြို့နယ် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၂၂-၂-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇း၄၅ ၇။ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၂၅ ၄။ ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ အထောက်အကူပြု သင်ခန်းစာ(ဘောဂဗေဒ)
၅း၀၀ ၅။ မျိုးချစ်တပ်မတော်
၅း၁၀ ၆။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၂၀ ၇။ ဗွီစီဒီကျော်ကြားတေးများ
၅း၃၅ ၈။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၂။ လျှပ်တစ်ပြက်
၆း၄၀ ၁၃။ သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်သူမေတ္တာ** (အပိုင်း-၂၃)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ Talk of the Town
၂၀။ မေးမြန်းစူးစမ်း
၂၁။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အရဏ်ဦးအချစ်** (အပိုင်း-၃၄)

သတင်းအချက်အလက်နည်းပညာကော်ပိုရေးရှင်း နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မြန်မာသတင်းအချက်အလက်နည်းပညာကော်ပိုရေးရှင်းလီမိတက်၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် အဋ္ဌမအကြိမ်နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို မတ် ၆ရက်(စနေနေ့) နံနက် ၉နာရီတွင် တက္ကသိုလ်များလှိုင်နယ်မြေရှိ Myanmar Info-Tech အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ အစုရှယ်ယာရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။ ***(မြန်မာ့အလင်း)***

ဧရာဝတီတိုင်း ဒေးဒရဲမြို့ မြို့မဈေးကြီးအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များနှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ သရုပ်ပြလေ့ကျင့်မှုကို မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးအောင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းရီနှင့် မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးအောင်ဇော်လင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

မြို့သန့်ရှင်းရေးဆောင်ရွက်

ချောင်းဦး ဖေဖော်ဝါရီ ၂၁

ချောင်းဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ၂ရက်က မြို့ဝင်မုခ်ဦးအတွင်း ပန်းအလှပင် စိုက်ပျိုးခြင်း၊ ပုံသွင်းပြုပြင်ခြင်း၊ ရေလောင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ (ဦးစီးအရာရှိ) ဦးကျော်စိုးက ကြီးကြပ်ဆောင်ရွက်ခဲ့သည်။ **(မြို့နယ်စည်ပင်)**

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ဖေဖော်ဝါရီ ၂၁ရက် နံနက် ၀၃နာရီ ၄၅မိနစ် ၅စက္ကန့် မန္တလေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၁၂၅ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်းတစ်နေရာကို ဗဟိုပြု၍ အင်အားပမာဏ ရစ်ချ်တာစကေး ၄ဒသမ၈အဆင့်ရှိ အင်အား အနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

စာကြည့်တိုက်များသို့ စာအုပ်နှင့် ရေဒီယိုများ လှူဒါန်း

စစ်တွေ ဖေဖော်ဝါရီ ၂၁

စာကြည့်တိုက်များသို့ စာအုပ်များနှင့် ရေဒီယိုများ လှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက် မွန်းလွဲ ၂နာရီက စစ်တွေခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနခန်းမ၌ ကျင်းပရာ ရေးဦးစွာ ခရိုင်ပြန်ကြားရေးဦးစီးအရာရှိ ဒေါ်မြသန်းနှင့် စစ်တွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမျိုးလွင်တို့က အဖွင့်အမှာစကား ပြောကြားပြီး အလှူရှင်သတင်းစာကိုယ်စားလှယ် ဦးသိန်းမောင်နှင့် စစ်တွေမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် ဦးဗဂျိုးကျော်တို့က စာအုပ်၊ စာစောင်များနှင့် ရေဒီယိုများ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြကြသည်။

လှူဒါန်း

ဆက်လက်၍ ရခိုင်ပြည်နယ် ယဉ်ကျေးမှုပြတိုက်ရှိ စာကြည့်တိုက်၊ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးစာကြည့်တိုက်၊ အထက(၂) ကျောင်းစာကြည့်တိုက်၊ သက္ကေပြင်ရွာမကျေးရွာရှိ အမေ့ရွာစာကြည့်တိုက်၊ ပုဏ္ဏားကျွန်းမြို့နယ် ကျောက်ဆိပ်ကျေးရွာရှိ ဘလှစာကြည့်တိုက်တို့သို့ အလှူရှင်သတင်းစာကိုယ်စားလှယ် ဦးသိန်းမောင်နှင့် စာနယ်ဇင်းအဖွဲ့ဝင် ဦးဗဂျိုးကျော်တို့က စာအုပ်များနှင့် ရေဒီယိုတစ်လုံးစီကို လှူဒါန်းကြရာ သက်ဆိုင်ရာ ပုဂ္ဂိုလ်တို့က လက်ခံယူကြသည်။ **(အောက်ပုံ) (ခရိုင် ပြန်/ဆက်)**

မက္ကဆီကိုနှင့် အမေရိကန် နယ်စပ်လုံခြုံရေး ပူးပေါင်းဆောင်ရွက်မည်

မက္ကဆီကိုစီးတီး ဖေဖော်ဝါရီ ၂၁

မက္ကဆီကိုနှင့်အမေရိကန် နှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေးအတွက် အားဖြည့်လုပ်ဆောင်ရန် ဖေဖော်ဝါရီ၁၉ရက်တွင် သဘောတူလက်မှတ်ရေးထိုးကြောင်း မက္ကဆီကိုပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါသဘောတူညီမှုတွင် အပြန်အလှန်သတင်းဖြန့်ကြားရေးဆိုင်ရာနှင့် နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော် တရားဝင်ကုန်သွယ်မှုများပါဝင်ကြောင်း ဧည့်သည်တော် အမေရိကန်ပြည်တွင်းလုံခြုံရေးဆိုင်ရာဝန်ကြီး ဂျဲနက်နာပိုလီတာနိုနှင့် သဘောတူလက်မှတ်ရေးထိုးပြီးနောက် မက္ကဆီကိုပြည်သူ့လုံခြုံရေးဝန်ကြီး ဂါစီယာလူနာက ပြောကြားသည်။

မက္ကဆီကိုနှင့်အမေရိကန် နှစ်နိုင်ငံနယ်စပ် မူးယစ်မှောင်ခိုမှု၊ လက်နက်မှောင်ခိုမှုများကို ပူးပေါင်းတိုက်ဖျက်သွားရန် လိုအပ်ကြောင်း နာပိုလီတာနိုက ပြောကြားသည်။

ယခုနှစ်အစောပိုင်းတွင် မက္ကဆီကိုနိုင်ငံ၏ မြို့ပြလေကြောင်းလုံခြုံမှုညီလာခံသို့ မက္ကဆီကို၊ အာဂျင်တီးနား၊ ချီလီ၊ ဘရာဇီး၊ ကနေဒါ၊ ဒိုမီနီကန်သမ္မတနိုင်ငံနှင့်ပနားမားနိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ပေါ်တူဂီနိုင်ငံ မာဒီရာကျွန်း၌ လေပြင်းမုန်တိုင်းကျရောက်၊ ၃၂ဦးသေဆုံး

လစ္စဘွန်း ဖေဖော်ဝါရီ ၂၁

အတ္တလန္တိတ်သမုဒ္ဒရာအတွင်းရှိ ပေါ်တူဂီနိုင်ငံပိုင် မာဒီရာကျွန်း၌ ဖေဖော်ဝါရီ ၂၀ရက်က မုန်တိုင်းတိုက်ခတ်သဖြင့် ၃၂ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ထိပ်တန်းတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

အရေးပေါ်

အဆိုပါမုန်တိုင်းကြောင့် ဒဏ်ရာရရှိသူ ၆၈ဦးအား ဆေးရုံသို့ တင်ပို့ကုသခဲ့ရကြောင်း ကျွန်းအာဏာပိုင်အဖွဲ့က ပြောကြားသည်။ လစ္စဘွန်းမြို့၌ အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာထားကြောင်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဥရောပသမဂ္ဂသို့ အကူအညီတောင်းခံထားကြောင်း ပြည်ထဲရေးဝန်ကြီး ရူအီပီရီရာက ပြောကြား သည်။

ဆိုးရွားနေ

တစ်နာရီလျှင် ကီလိုမီတာ၁၀၀အထိ လေပြင်းများတိုက်ခတ်လျက်ရှိကာ ပင်လယ်ရေများ မြင့်တက်နေပြီး ကျောက်ဆောင်များပြိုကျနေသဖြင့် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ အခက်တွေ့နေကြရသည်။ **(အောက်ပုံ)** အာဖရိကကမ်းရိုးတန်းမှ ကီလိုမီတာ ၅၀၀ခန့်အကွာရှိ အဆိုပါကျွန်း၌ ရာသီဥတုဆက်လက်ဆိုးရွားနေဦးမည်ဟု ကျွမ်းကျင်သူများက ခန့်မှန်းသည်။

ရွှေ့ပြောင်းပေး

နေရာအတော်များများ၌ လျှပ်စစ်မီးများ၊ တယ်လီဖုန်းလိုင်းများ ပြတ်တောက်ခဲ့ရပြီး ဒေသခံများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးနိုင်ခဲ့ပြီးဖြစ်သည်။ **(အင်တာနက်)**

ကုန်တင်လုပ်ငန်းခွင်

ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့ ပင်လယ်ဆိပ်ကမ်း၏ ကုန်တင်လုပ်ငန်းခွင်တစ်နေရာကို ဖေဖော်ဝါရီ ၂၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကနေဒါသင်္ဘောတစ်စင်း ဘရာဇီးကမ်းလွန်တွင် နစ်မြုပ်

ဘရာဆီးလီးယား ဖေဖော်ဝါရီ ၂၁

ကျောင်းသား ကျောင်းသူများ လိုက်ပါစီးနင်းလာသည့် ကွန်ကော်ဒီယာအမည်ရှိ ကနေဒါနိုင်ငံမှ သင်္ဘောတစ်စင်းသည် လှိုင်းလုံးကြီးများ ရိုက်ခတ်မှုကြောင့် ဘရာဇီးကမ်းလွန် တစ်နေရာတွင် နစ်မြုပ်ခဲ့ကြောင်း၊ သို့ရာတွင် သင်္ဘောသားများ အပါအဝင် ၆၄ဦးစလုံး အန္တရာယ်မှ ဘေးမသီရန်မခ လွတ်မြောက်ခဲ့ကြကြောင်း အင်တာနက် သတင်းအရ သိရသည်။

နစ်မြုပ်

အက်စ်ဗွီကွန်ကော်ဒီယာသင်္ဘောသည် ဘရာဇီးကမ်းလွန်မှ မိုင် ၃၀၀အကွာ လှိုင်းလေပြင်းထန်သည့် ပင်လယ်ပြင်တွင် ဖေဖော်ဝါရီ ၁၈ရက်က နစ်မြုပ်ခဲ့ခြင်းဖြစ်ပြီး ဘရာဇီးရေတပ်သင်္ဘောက ကယ်တင်ခဲ့ရသည်။ **(အင်တာနက်)**

အမေရိကန်ငါးဦး အာမခံလျှောက်ထားချက် ပါကစ္စတန်တရားရုံးကပယ်ချ

အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၂၁

အင်တာနက်မှတစ်ဆင့် စစ်သွေးကြွများနှင့်ဆက်သွယ်မှုအပါအဝင် အကြမ်းဖက်တိုက်ခိုက်ရန် ကြံစည်မှုတို့ဖြင့် စွဲချက်တင်ခံထားရသော အမေရိကန်ငါးဦး၏ အာမခံပေးရန် လျှောက်ထားချက်ကို ဖေဖော်ဝါရီ ၁၇ရက်တွင် ပါကစ္စတန် တရားရုံးတစ်ရုံးက လက်မခံဘဲ ပယ်ချလိုက်သည်။

ဖမ်းဆီး

အဆိုပါအမေရိကန်ငါးဦးတို့သည် အမေရိကန်နိုင်ငံ ဗာဂျီးနီးယားပြည်နယ်မှ အသက် (၂၀)ကျော်အရွယ်ရှိ ကျောင်းသားများဖြစ်ကြကြောင်း၊ ၎င်းတို့ကို အစ္စလမ္မာဘတ်မြို့ အရှေ့တောင်ဘက် ကီလိုမီတာ ၁၉၀အကွာ ပါကစ္စတန်အလယ်ပိုင်း ဆာဂိုဒါမြို့၌ ဒီဇင်ဘာလက ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းတို့ကို တရားဝင်စွဲချက်မတင်ရသေးကြောင်း၊ သို့ရာတွင် ပြစ်မှုကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိပါက ထောင်ဒဏ် နှစ်ရှည်ကျခံရဖွယ်ရှိသည်။

ပယ်ချ

ဆာဂိုဒါမြို့ရှိ အကြမ်းဖက်ဆန့်ကျင်ရေး တရားသူကြီးတစ်ဦးက ၎င်းအမေရိကန်နိုင်ငံသားများ၏ အာမခံလျှောက်ထားချက်ကို လက်မခံဘဲ ပယ်ချခဲ့ကြောင်း၊ အမှုနှင့်ပတ်သက်၍ အယူခံမည်ဖြစ်ကြောင်း၊ အဆိုပါ အမေရိကန်ငါးဦး၏အမှုကို လိုက်ပါဆောင်ရွက်ပေးနေသော တရားခံရှေ့နေ ဟာဆန်ကတ်ချီလာက ပြောကြားသည်။

အမ်အင်န်အေ၊ ရိုက်တာ

တောင်ဝဇီရစ္စတန်၌ လေကြောင်းတိုက်ခိုက်မှု စစ်သွေးကြွ၃၀ သေဆုံး

အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၂၁

ပါကစ္စတန်နိုင်ငံ တောင်ဝဇီရစ္စတန်ဒေသ၌ ဖေဖော်ဝါရီ ၂၀ရက်က ပါကစ္စတန်တပ်ဖွဲ့ဝင်များ၏ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် တာလီဘန်စစ်သွေးကြွ ၃၀ သေဆုံးခဲ့ကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

ပစ်မှတ်ထား

၎င်းဒေသရှိ ရာဝါလ်တောင်ကြား၌ ခိုအောင်းနေသည့် စစ်သွေးကြွများအား ပစ်မှတ်ထား တိုက်ခိုက်ခြင်းဖြစ်ကြောင်း စစ်ဘက်ဆိုင်ရာမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

သေဆုံး

တောင်ဝဇီရစ္စတန်ဒေသ၌ ပြီးခဲ့သည့်နှစ် အောက်တိုဘာလ ကတည်းက ပါကစ္စတန်တပ်ဖွဲ့မှ အဓိကစစ်ဆင်ရေးများဆင်နွှဲလျက်ရှိရာ ရာပေါင်းများစွာသော စစ်သွေးကြွများ သေဆုံးခဲ့သည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ရာမာဒီမြို့၌ ကားဗုံးပေါက်ကွဲ ၁၀ဦးသေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၁

အီရတ်နိုင်ငံအနောက်ပိုင်း အယ်လ်အင်န်ဘာပြည်နယ် ရာမာဒီမြို့၌ ကားဗုံးပေါက်ကွဲသဖြင့် ရဲတပ်ဖွဲ့ဝင်လေးဦးအပါအဝင် ၁၀ဦး သေဆုံးခဲ့ကြောင်း သတင်းရရှိသည်။

ပေါက်ကွဲ

အဆိုပါကားဗုံးသည် ဘဂ္ဂဒက်မြို့ အနောက်ဘက် ကီလိုမီတာ ၁၀၀ အကွာ ရာမာဒီမြို့ရှိ ဒေသဆိုင်ရာ အစိုးရရုံးများအနီး စစ်ဆေးရေးစခန်းတစ်ခု၌ ဖေဖော်ဝါရီ ၁၈ရက်က ပေါက်ကွဲခဲ့ခြင်းဖြစ်သည်ဟု ဆေးရုံအရာရှိများက ပြောကြားကြောင်း အေအက်ဖ်ပီသတင်း၌ ဖော်ပြသည်။

ဒဏ်ရာရ

ထိုကားဗုံးပေါက်ကွဲမှုကြောင့် ၁၅ဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း ဆေးရုံသတင်းရပ်ကွက်က ထပ်လောင်း ပြောကြားသည်။

များပြားလာ

စစ်ကိုမုန်းတီးနေပြီဖြစ်သော အီရတ်နိုင်ငံအနေဖြင့် မတ် ၇ရက်တွင် ကျင်းပမည့် ပါလီမန်ရွေးကောက်ပွဲကို မျှော်လင့်စောင့်စားနေချိန်၌ တဖြည်းဖြည်း ဗုံးခွဲတိုက်ခိုက်မှုများ ပိုမိုဖြစ်ပွားလျက်ရှိကြောင်း ယင်းသတင်း၌ ဆက်လက်ဖော်ပြသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ကားဗုံးပေါက်ကွဲ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အနောက်ဘက် ရာမာဒီဒေသ၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ယီမင်မြောက်ပိုင်း၌ မြေမြှုပ်မိုင်းပေါက်ကွဲ တစ်ဦးသေဆုံး၊ သုံးဦးဒဏ်ရာရ

ဆာနာ ဖေဖော်ဝါရီ ၂၁

ယီမင်နိုင်ငံမြောက်ပိုင်းပြည်နယ် ဆာဒါးတွင် ဖေဖော်ဝါရီ ၁၉ရက်က မြေမြှုပ်မိုင်းတစ်လုံး ပေါက်ကွဲသဖြင့် ယီမင်နိုင်ငံသားတစ်ဦး သေဆုံးပြီး အခြားသုံးဦးဒဏ်ရာရရှိခဲ့ကြောင်း နိုင်ငံပိုင် ဆဘားသတင်းဌာနက ဖော်ပြသည်။

ဒုတိယအကြိမ်

ယီမင်အစိုးရနှင့် ဟူသီအကြမ်းဖက်သမားများအကြား အပစ်အခတ်ရပ်စဲရေး ကြိုးကြပ်မှုကော်မတီဖွဲ့စည်းပြီးနောက်ပိုင်းတွင် အယ်လ်-မာလာဟိဇ်ခရိုင်တွင် ဒုတိယအကြိမ် ပေါက်ကွဲခြင်းဖြစ်သည်။

အလားတူပေါက်ကွဲ

အယ်လ် - အူကက်ခရိုင်တွင်လည်း ဖေဖော်ဝါရီ ၈ရက်က အလားတူ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ တပ်ဖွဲ့ဝင်နှစ်ဦးနှင့် ဟူသီအကြမ်းဖက်သမားသုံးဦး အပါအဝင် ခုနစ်ဦးသေဆုံးပြီး ၂၃ဦး ဒဏ်ရာရရှိခဲ့ကြောင်းဖော်ပြသည်။ **(အင်တာနက်)**

ပါကစ္စတန်မြောက်ပိုင်းတွင် မြေပြို ၁၉ဦးသေဆုံးပြီး ၃၆ဦးပျောက်ဆုံး

ပက်ရှ်ဝါ ဖေဖော်ဝါရီ ၂၁

ပါကစ္စတန်နိုင်ငံ မြောက်ပိုင်းတွင် ဖေဖော်ဝါရီ ၁၇ရက်က မြေပြိုသဖြင့် ၁၉ဦး သေဆုံးခဲ့ပြီး ၃၆ဦး ပျောက်ဆုံးခဲ့ကြောင်း ဒေသဆိုင်ရာသတင်းရပ်ကွက်က ဖေဖော်ဝါရီ ၁၈ရက်တွင် ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ ကိုဟစ်စတန်မြို့နယ် ဆာဟာရီကျေးရွာရှိ နေအိမ်ဒါဇင်ပေါင်းများစွာတို့ မြေပြိုမှုဒဏ်ကိုခံခဲ့ကြရရာမှ ယင်းကဲ့သို့ လူများသေကျေပျောက်ဆုံးကြရခြင်းဖြစ်သည်ဟု ဒေသခံပြည်သူများက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ပျက်စီး

ယင်းမြေပြိုမှုကြောင့် ကျေးရွာငယ်သုံးရွာပျက်စီးသွားခဲ့ကြောင်းလည်း အဆိုပါဒေသခံပြည်သူများက ပြောကြားသည်။

(အင်တာနက်)

တရုတ်အန်ဟွေးပြည်နယ်၌ မြစ်တွင်း ကားတစ်စီးထိုးကျ ခုနစ်ဦးသေဆုံး

ဟီဖေ ဖေဖော်ဝါရီ ၂၁

တရုတ်နိုင်ငံ အန်ဟွေးပြည်နယ်တွင် ဖေဖော်ဝါရီ ၁၈ရက်က မြစ်အတွင်း ကားတစ်စီး ထိုးကျခဲ့သဖြင့် လိုက်ပါစီးနင်းလာသည့် ခရီးသည်ခုနစ်ဦး သေဆုံးခဲ့ကြကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၁၉ရက်တွင် ပြောကြားသည်။

ထိုးကျ

အမျိုးသားသုံးဦးနှင့် အမျိုးသမီးလေးဦး တင်ဆောင်လာသော ဆီဒင်ကားတစ်စီးသည် ဖူယင်မြို့၌ လမ်းချော်ပြီး မြစ်အတွင်းသို့ ထိုးကျခဲ့ရာမှ ယင်းကဲ့သို့သေဆုံးသွားကြရခြင်းဖြစ်သည်ဟု ဖူယင်ယာဉ်ထိန်းရဲက ပြောကြားသည်။ (အင်တာနက်)

22-2 (04).pmd 1 2/22/2010, 1:56 AM

တောင်ငူစည်ပင်သာယာ မြေသားလမ်းဖောက်လုပ်

တောင်ငူ ဖေဖော်ဝါရီ ၂၁

တောင်ငူမြို့နယ် စည်ပင်သာယာရေး အဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ထန်းကုန်း-ဘုရားနှစ်ဆူ ကျေးလက်လမ်း မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၅ရက်က ပဲခူးတိုင်း စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်အေးတို့က ရှင်းလင်းတင်ပြသည်။ (မြို့နယ်စည်ပင်)

ကတ္တရာထပ်ပိုးလွှာခင်း

မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေဖြင့် ရှမ်းချောင်းလမ်းမကြီး ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၂၀ရက်က တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုးနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ရွှေတို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်ဦးရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနေမျိုးတို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ယခုအပတ်ထုတ် မြန်မာပို့စ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မြန်မာပို့စ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၈)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာတစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာပို့စ်ဂျာနယ်တွင် ပုဂ္ဂလိကစီးပွားရေးကဏ္ဍ ရှေ့အလားအလာနှင့် ထားရှိဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်နှင့် သဘောတရားများကို ဖော်ကျူးညွှန်းဆိုထားသော ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေလျှင် လုပ်ချင်ကိုင်ချင်စိတ်ကို မြှင့်တင်ပေးရန် လိုအပ်မျက်နှာဖုံး သတင်းဆောင်းပါး၊ မြန်မာနိုင်ငံ၏ အေးလိုက်၊ အအေးလျော့လိုက် ဖြစ်ပေါ်နေသည့် ရာသီဥတုအခြေအနေနှင့်အတူ ၂၀၁၀ ခုနှစ်တွင် ဖြစ်ပေါ်လာနိုင်သည့် ကမ္ဘာ့ရာသီဥတု အခြေအနေများကို ခန့်မှန်းသုံးသပ်တင်ပြထားသော မြန်မာနိုင်ငံတွင် ရာသီဥတု ပြောင်းလဲမှုများဖြစ်ပေါ်နေ၊ ဈေးကွက်ကျယ်ပြန့်လျက်ရှိသော နာရီဈေးကွက်အပေါ် လေ့လာစူးစမ်းတင်ပြထားသည့် နာရီဈေးကွက်ကျဆင်းသွားနိုင်သလား စသည့် သတင်းဆောင်းပါးများနှင့် ဆရာမောင်ဝံသ၊ ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်၊ ဒေါက်တာ အောင်ကိုကို(စီးပွားရေးပညာ၊ စီးပွားရေးပေါ်လစီ)၊ ဒေါက်တာအောင်ခင်ဆင့်တို့၏ သိမှတ်လေ့လာဖွယ်ရာ ဆောင်းပါးများ စုံလင်စွာ တင်ဆက်ဖော်ပြထားသည်။

ဝေဝေဆာဆာ

ထို့အပြင် မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မြန်မာနိုင်ငံသို့ရောက်ရှိ၊ မီးလောင်သွားသည့် သဃ်န်းကျွန်းဈေးနေရာတွင် အဆင့်မီငါးထပ် Shop House ဆောက်မည်၊ အဆိုတော်များကို ဝင်ငွေခွန်ကောက်ခံတော့မည်၊ ပုဂ္ဂလိကစက်သုံးဆီ သိုလှောင်ကန်များတည်ဆောက်မည့်နေရာ မြို့တော်စည်ပင်က နှစ်ရှည်ငှားရမ်းမည်၊ သံလွင်မြစ်တစ်လျှောက် ရေအားလျှပ်စစ်စက်ရုံသစ်တည်ဆောက်ရန် ထိုင်းနိုင်ငံက အကောင်အထည်ဖော်မည်၊ တောင်ရိုးယဉ်ကျေးမှု စုံညီပွဲတော်စသည့် ပြည်တွင်းသတင်းများ၊ နိုင်ငံတကာ နိုင်ငံရေး၊ စီးပွားရေးသတင်းများ၊ ပြည်တွင်း ပြည်ပ အနုပညာသတင်းများ၊ နိုင်ငံတကာအားကစား၊ ကမ္ဘာ့တစ်လွှား ထူးခြားဖြစ်စဉ်များ၊ မှုခင်းစုံ စသည့်ကဏ္ဍများ ဝေဝေဆာဆာ ဖော်ပြထားသည်။

United Media Group မှ မြန်မာပို့စ်ဂျာနယ်အပြင် The Star News ဂျာနယ်ကိုလည်း အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ဝေလျက်ရှိသည်။ **(သတင်းစဉ်)**

ပခုက္ကူဦးအုံးဖေစာပေဆု၊ ပညာရည်ချွန်ဆု ဆုနှင်းသဘင်ကျင်းပချိန် ပြောင်းလဲထား

ရန်ကုန် ဖေဖော်ဝါရီ ၂၁

၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၂၈ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ အမှတ်(၄၀) နတ်မောက်လမ်းရှိ **Chatrium Hotel ၏ Grand Ballroom** ခန်းမ၌ ကျင်းပမည့် ၂၀၀၉ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက် စာအုပ်ဆု၊ ဆုနှင်းသဘင်အခမ်းအနား ကျင်းပချိန်ကို နံနက် ၉နာရီအစား နံနက် ၁၀နာရီခွဲ ပြောင်းလဲသတ်မှတ်ကြောင်း သိရသည်။

အစမ်းလေ့ကျင့်ပွဲကို ဖေဖော်ဝါရီ ၂၇ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်ခန်းမကြီး၌ ကျင်းပမည်ဖြစ်ရာ ဆုရသူများအားလုံး မပျက်မကွက်တက်ရောက်ရန် နှိုးဆော်ထားသည်။

ဆက်သွယ်သတင်းပို့

စာပေဆုရသူများ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ပညာသင်ဆုရရှိသူများနှင့် ပခုက္ကူစာကြည့်တိုက် စာအုပ်ဆုရသူများသည် ပခုက္ကူဦးအုံးဖေစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ အတွင်းရေးမှူး ဦးမောင်လှိုင် ဖုန်း-၀၁-၃၈၁၄၄၈၊ ၀၉-၈၀-၂၁၇၀၃ သို့လည်းကောင်း၊ ပညာရည်ချွန်ဆု ရရှိသူများသည် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးသန့်၊ ဖုန်း-၀၆၇-၄၀၇၂၇၂ နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှ ဖုန်း-၀၁-၅၄၈၅၄၀ တို့သို့ အမြန်ဆုံးဆက်သွယ်သတင်းပို့ရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိုင်းယောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် နောင်ဘိုးကျေးရွာ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းကို ဇန်နဝါရီ ၂၀ရက်က အမှုဆောင်အရာရှိ ဦးထန်ဒေါင့်တွန်က ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ထန်းတပင်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး တံတားဖွင့်

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် တောင်ငူခရိုင် ထန်းတပင်မြို့နယ် လေးသစ်ကျေးရွာအုပ်စုတွင် အရှည် ၆၂ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ၁၅ ပေရှိ တပင်ကွင်း-ကြံခင်းကျေးရွာ အုန်းသုံးပင်ကျေးလက်ဒေသဖွံ့ဖြိုးရေး တံတားကို ဖေဖော်ဝါရီ ၁၁ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးဘုန်းထက်နိုင်မြင့်၊ ဒုတိယရဲမှူး မြင့်ဝေနှင့် တံတားဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (မြို့နယ် ပြန်/ဆက်)

လှိုင်ကော်၌ ဘိုးဘွားရိပ်သာ ကတ္တရာလမ်းသစ်ဖွင့်

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော ဘိုးဘွားရိပ်သာ ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၈ရက်က ကယားပြည်နယ်အတွင်းရေးမှူး ဦးဖေသိန်းနှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဝင်းမောင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (မြို့နယ်စည်ပင်)

ဝါးခယ်မ၌ မီးဘေးကာကွယ်ရေး သရုပ်ပြလေ့ကျင့်

ဝါးခယ်မမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း မီးဘေးကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၇ ရက်က မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့ပေါ်ရပ်ကွက်များမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူဈေးသားများ စုပေါင်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးလှဦး၊ ဒုတိယဦးစီးမှူး(ဈေး) ဦးဝင်းမြင့်ဟန်နှင့် မီးသတ်ဦးစီးမှူး ဦးခင်မောင်မျိုးတို့ ကြီးကြပ်ဆောင်ရွက်ကြသည်။ (မြို့နယ် ပြန်/ဆက်)

ဖလမ်းမြို့၌ ဗိုလ်ကြီးငွန်နော့က် စာကြည့်တိုက်ဖွင့်

ဖလမ်းမြို့ တလန်လိုရပ်ကွက် ဗိုလ်ကြီးငွန်နော့က်စာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် နံနက် ၉ နာရီကကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးခင်ဝင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးဗန်နွဲလိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (ခရိုင် ပြန်/ဆက်)

ဖားကန့်မြို့မဈေး၌ သား၊ ငါးရောင်းချမှု ကွင်းဆင်းစစ်ဆေး

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်သည် ဖားကန့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးအတွင်း ဈေးဆိုင်ခန်းများ တည်ခင်းရောင်းချမှုနှင့် သား၊ ငါးများ ရောင်းချမှုအခြေအနေတို့ကို ဖေဖော်ဝါရီ ၆ ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်အောင်က လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။ (မြို့နယ်စည်ပင်)

ခန္တီးခရိုင် ပြန်/ဆက်၌ စာဖတ်ဝိုင်းဖွဲ့ဆွေးနွေး

ခန္တီးခရိုင်ပြန်/ဆက်ဦးစီးဌာန ဝန်ထမ်းများ၏ အသိဉာဏ်ပညာမြင့်မားစေရေး လုပ်ငန်းပိုင်းဆိုင်ရာ အတွေးအခေါ်နှင့် ကျွမ်းကျင်မှုမြင့်မားစေရေးအတွက် စာဖတ်ဝိုင်း ဆွေးနွေးပွဲကို ဇန်နဝါရီ ၁၂ရက် မွန်းလွဲ ၂နာရီက ရုံးစာကြည့်တိုက်ခန်းမ၌ကျင်းပရာ ခန္တီးခရိုင် ပြန်/ဆက်ဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဦးမြင့်သိန်းစိုးက စာဖတ်ဝိုင်း ဆွေးနွေးပွဲကျင်းပရခြင်းအကြောင်း ဆွေးနွေးပြီး စာတ်ပုံကျွမ်းကျင်(၂) ဒေါ်စပယ်ဦးက မြန်မာ့အလင်းသတင်းစာပါ ချစ်နိုင်(စိတ်ပညာ)၏ သမိုင်းခရီး၏မှတ်တိုင်သစ် ဆောင်းပါးကို ဖတ်ကြားဆွေးနွေးသည်။ (ခရိုင် ပြန်/ဆက်)

ရသေ့တောင်မြို့ ပညာသုခလမ်း ကျောက်ချောလမ်းသစ်ဖွင့်

ရသေ့တောင်မြို့ အရှေ့မြောက်ရပ်ကွက် ပညာသုခလမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၇ရက် နံနက် ၉နာရီက အဆိုပါလမ်းမှခ်ဦး၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်မျိုးမြင့်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်တင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (မြို့နယ်စည်ပင်)

မင်းတပ်၌ မူလတန်းကျောင်းသားများ ဉာဏစွမ်းရည်ပြိုင်

မင်းတပ်ခရိုင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့် ကမ္ဘာ့ကလေးများနေ့အထိမ်းအမှတ် မူလတန်းကြိုကျောင်းများ၏ ဉာဏစွမ်းရည်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၃ရက်က မင်းတပ်မြို့ အထက(၁)ခန်းမ၌ကျင်းပရာ ပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ (ခရိုင် ပြန်/ဆက်)

မြောင်မြို့ အလယ်ရပ်ကွက်၌ ကတ္တရာလမ်းသစ်ဖွင့်

မြောင်မြို့ အလယ်ရပ်ကွက် ၁စလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၃ရက်က အဆိုပါလမ်းသစ်မှခ်ဦး၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (မြို့နယ်စည်ပင်)

မိုးမောက်၌ ရောင်ခြည်ဦးကျေးရွာစာကြည့်တိုက်ဆောက်လုပ်

ကချင်ပြည်နယ် မိုးမောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်လွန်းနန်းထွေးနှင့် ရပ်/သံ(၃) ဒေါ်ဖြိုးဖြိုးကြိုင်တို့သည် ဖေဖော်ဝါရီ ၉ရက်က ကျောက်စခန်းကျေးရွာ ရောင်ခြည်ဦး ကျေးရွာကိုယ့်အား ကိုယ်ကိုးစာကြည့်တိုက် ဆောက်လုပ်နေမှုကို ကြည့်ရှုကြသည်။ (မြို့နယ် ပြန်/ဆက်)

စုံထောက်ကြီး ရှားလော့ဟုမ်းဇာတ်ကား ရုံဝင်လာ "အတိတ်၏အရိပ်" ဆက်လက်ပြသနေဆဲ

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် ဖေဖော်ဝါရီ ၂၁

လန်ဒန်စကော့တလန်ယာဒ်အဖွဲ့ကြီးမှ နာမည်ကျော်စုံထောက်ကြီး ရှားလော့ဟုမ်းနှင့် သူ့မိတ်ဆွေကြီး ဒေါက်တာဝှ္ဂန်တို့နှစ်ဦးပေါင်းပြီး ကမ္ဘာကျော် လူဆိုးကြီး လော့ဒ်ဘလက်ဝုဒ်၏ အဖျက်လုပ်ရပ်နှင့် ရက်ရက်စက်စက် လူသတ်မှုကြီးကို စွမ်းစွမ်းတမံ ဖော်ထုတ်လိုက်သော မှုခင်းဇာတ်ကား Sherlock Holmes မှာ နေပြည်တော်ရုံတွင် ယခု သောကြာပတ်၌ ရုံဝင်လာသည်။

အတိတ်၏အရိပ်

သူရအလင်း ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာစင်ရော်မောင်မောင် ခံစားတင်ပြသည့် **အတိတ်၏အရိပ်** ဇာတ်ကားမှာ သမ္မတ၊ သွင်နှင့် နဝဒေးရုံများတွင် ဆက်လက်ပြသနေဆဲဖြစ်သည်။

နိုင်ငံခြားဇာတ်ကားများ

မင်္ဂလာရုံတွင် အိန္ဒိယ လူနောက်သုံးဦးဖြစ်သော မာဒါဝမ်၊ အမီးရ်ခန်း၊ ရှရ်မန်းဂျိုးရှီးတို့ ပါဝင်ထားသည့် 3 idiots ပြန်လည်ရုံဝင်လာပြီး ရှေ့ဆောင်ရုံတွင် ကိုရီးယားမင်းသား ရိန်း၏ Ninja Assassin ပြသနေဆဲဖြစ်သည်။

စုံထောက်ကြီး ရှားလော့ဟုမ်းမှ ဇာတ်ဝင်ခန်းတစ်ခန်း။

ရှေ့ရှိတဲ့အချစ်များ

ဒါရိုက်တာကိုဇော်(အရဏ်ဦး) ရိုက်ကူးပြီး ခန့်စည်သူ၊ ပြေတီဦး၊ စိုးမြတ်သူဇာ၊ အိန္ဒြာကျော်ဇင်နှင့် မိုးဟေကိုတို့ ပါဝင်ထားသည့် **ရှေ့ရှိတဲ့အချစ်များ** ဇာတ်ကားမှာ ဝဇီရာ(၁)၊ (၂)နှင့် မြရတနာရုံများတွင် အောင်ပွဲခံနေဆဲဖြစ်သည်။

အိန္ဒိယဇာတ်ကားများ

အိန္ဒိယနာမည်ကျော် အိမ်ထောင်ရေး မေတ္တာဘွဲ့ ဇာတ်ကား Kabhi Khushi Kabhie Gham မှာ မြို့မရုံတွင် ရုံဝင်လာသည်။ နာမည်ကြီးသရုပ်ဆောင်များဖြစ်သော ရှာရွတ်ခန်၊ ကာဂျိုးလ်၊ ရီတိတ်ရိုရှန်နှင့် ကရီနာကပူးရ်တို့ အဓိကပါဝင်ထားသည်။

ဘုရင့်ရုံတွင် အဘီရှက်ဘဂျန်း၊ ရီတိတ်ရိုရှန်၊ အက်ရှ်ဝါရိုင်းတို့ ပါဝင်ထားသော Dhoom II ဇာတ်ကားကို ကြည့်ရှုကြရမည်ဖြစ်သည်။

လာမည့်သောကြာ

ဒါရိုက်တာအဏ်ထော်ဏီ ရိုက်ကူးထားပြီး မင်းမော်ကွန်း၊ ခန့်စည်သူ၊ ပြည့်စုံအောင်၊ ဗေလုဝ၊ အိန္ဒြာကျော်ဇင်နှင့် တင့်တင့်ထွန်းတို့ပါဝင်ထားသော **အတည်ပေါက်နောက်တဲ့သူ** ဟာသဇာတ်မြူးကားမှာ လာမည့်သောကြာပတ်တွင် ရုံဝင်လာမည်ဟု သိရသည်။ ။

(မြန်မာ့အလင်း)

ဒေးဒရဲတံတားအနီးတိုးမြစ်ဖြတ် ဓာတ်ငွေ့ပိုက်လိုင်းတူးဖော်နေ

သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ဝန်ကြီးပိုလ်မှူးချုပ်လွန်းသီ ဆွေးနွေးမှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၁

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးပိုလ်မှူးချုပ်လွန်းသီသည် ဖေဖော်ဝါရီ ၂၀ရက် မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်း ဒေးဒရဲတံတားအနီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက ဆောင်ရွက်လျက်ရှိသော တိုးမြစ်(ဒေးဒရဲ)မြစ်ဖြတ် ၂၄လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်း တူးဖော်ဆက်သွယ်နေမှုနှင့် ဒေးဒရဲ-ဖျာပုံအပိုင်း ၂၄လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဂဟေဆော် ဆက်သွယ်ခင်းကျင်းသွယ်တန်းနေမှု လုပ်ငန်းခွင်သို့ ရောက်ရှိရာ ယာယီရှင်းလင်းဆောင်၌ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ အထွေထွေမန်နေဂျာ (ပိုက်လိုင်း) နှင့် တာဝန်ရှိသူများက HDD (Horizontal Directional Drilling) စက်ဖြင့် တိုးမြစ်အောက်မှ ၂၄လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်း တူးဖောက်ဆက်သွယ်နေမှုနှင့် ဒေးဒရဲ-ဖျာပုံအပိုင်းရှိ ၂၄လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဂဟေဆော် ဆက်သွယ်ခင်းကျင်းနေမှုတို့ကို တင်ပြကြပြီး ဝန်ကြီးက လုပ်ငန်းများကို စက်အား၊ လူအားများဖြင့် အပြည့်အဝအသုံးချကာ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားရန်၊ ပိုက်လိုင်း ဂဟေဆော်ခြင်းလုပ်ငန်းများကို သတ်မှတ်ထားသည့် နည်းစဉ်အတိုင်း စေ့စပ်သေချာစွာ ဆောင်ရွက်ရန်၊ ဆက်ထားသည့် ဂဟေအဆက်များတွင် NDT စနစ်ဖြင့် စစ်ဆေး၍ အားနည်းချက်များရှိပါက ရာနှုန်းပြည့်သေချာအောင် ပြုပြင်ရန် ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ တိုးမြစ်ဖြတ်ပိုက်လိုင်း တူးဖောက်နေမှု အခြေအနေနှင့် ဒေးဒရဲ-ဖျာပုံအပိုင်း ၂၄လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဂဟေဆော်သွယ်တန်းခင်းကျင်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **(အောက်ဝဲပုံ)**

ကြိုးပမ်းဆောင်ရွက်

ယခုဆောင်ရွက်လျက်ရှိသော တိုးမြစ်(ဒေးဒရဲ) မြစ်ဖြတ် သဘာဝဓာတ်ငွေ့ပိုက်လိုင်းကို တိုးမြစ်ကြမ်းပြင်အောက် ပေ၄၀အနက်မှ တူးဖောက်ပြီး အရှည်ပေ ၃၅၀၀ရှိသည်။ ယနေ့အချိန်အထိ ၂၄လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ခင်းကျင်းခြင်းလုပ်ငန်းတွင် ကုန်းတွင်းပိုင်း ၈၇မိုင်အနက် ၆၉မိုင်ခန့် ဆက်သွယ်ခင်းကျင်းပြီးစီးကာ ကမ်းလွန်ပိုင်း ၉၅မိုင်တွင် ၃၆ မိုင် ပြီးစီးပြီဖြစ်ပြီး လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်း၏ စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးအစီအစဉ်အရ ဖေဖော်ဝါရီ ၂၅ ရက် (ကြာသပတေးနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ရန်ကုန်မြို့ အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင် (ဘီ)တွင် Recent Trends in Management of CL II & CL III Malocclusions ခေါင်းစဉ်ဖြင့် ပညာပေးဟောပြောပို့ချမည်ဖြစ်ရာ အသင်းသူ အသင်းသားများနှင့် စိတ်ပါဝင်စားသော သွားဘက်ဆိုင်ရာဆရာဝန်များ တက်ရောက် လေ့လာနိုင်ကြောင်း သတင်းရရှိသည်။

(မြန်မာ့အလင်း)

အရောင်းပြခန်းသစ် ဖွင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

Genius Group ၏ G -STAR Electronics Show Room အရောင်းပြခန်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဂျိုးဖြူလမ်း (အောင်ဆန်းကွင်းမြောက်ဘက်တန်း)ရှိ အဆိုပါအရောင်းပြခန်းသစ်ရှေ့၌ကျင်းပရာ ရှေးဦးစွာ Genius Group ၏ မန်နေဂျင်း ဒါရိုက်တာ ဦးစိုးမိုးညွန့်နှင့် တာဝန်ရှိသူများက အရောင်းပြခန်းသစ်ကို ဖဲကြိုးဖြတ်၍ **(ယာပုံ)** ဖွင့်လှစ်ပေးကြသည်။ ထို့နောက် တာဝန်ရှိသူတစ်ဦးကG-STAR Electronics ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဖြေကြား

ယင်းနောက် တက်ရောက်လာကြသူများသည် အရောင်းပြခန်းအတွင်းရှိ G -STAR Electronics ပစ္စည်းများကို လှည့်လည်ကြည့်ရှုကြပြီး မေးမြန်းချက်များကို တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။ အဆိုပါ Genius Group ၏ G-STAR Electronics ပစ္စည်းများသည် Singapore နိုင်ငံမှ တင်သွင်းသော ပစ္စည်းများဖြစ်ပြီး 3 Year Warranties ပေးထားသည်။

G-STAR LCD 52",42",32",20" တို့၏ ထူးခြားချက်မှာရုပ်ပုံများကြည်လင်ပြတ်သားခြင်း၊ USB, SD Card ပါဝင်ခြင်း၊Contrast. Ratio 100,000:1၊ HDMI, AV input, VGA, DVD Component. Response Time မြန်ဆန်ခြင်း၊ G-Star TV/CRT 21" Mega Slim, 17" Pure Flat ၏ ထူးခြားချက်များမှာ သာမန် TV များထက် ၃၅ရာခိုင်နှုန်း ပိုမိုပါးလွှာခြင်း၊ 255 Program အထိ အသုံးပြုနိုင်ခြင်း၊ Game ကစားနိုင်ခြင်း၊ ကြိုက်နှစ်သက်သော ဘာသာစကား ပြောင်းလဲနိုင်ခြင်း၊ ပြက္ခဒိန်နှင့်အချိန်ကို အလွယ်တကူကြည့်နိုင်ခြင်း၊ ရုပ်သံကို ကြည်လင်ပြတ်သားစွာ ကြည့်နိုင်ခြင်း၊ ကြိုက်နှစ်သက်သော အချိန်အတွင်း Time လုပ်၍ စိတ်ချလက်ချ အိပ်စက်နိုင်ခြင်း၊ ကလေးများ သို့မဟုတ် အခြားသူများအလွယ်တကူဖွင့်မရအောင် Lock ချထားနိုင်ခြင်း၊ Distributor မလိုအပ်ဘဲ ကြိုက်နှစ်သက်သလို လိုင်းခွဲနိုင်ခြင်း၊ Auto Voltage ဖြစ်ခြင်းကြောင့် မီးအဝင်အထွက်များကို လိုအပ်သလို ညှိပေးခြင်းပြုလုပ်နိုင်သည်။

ဝယ်ယူရရှိနိုင်

G-STAR EVD၏ထူးခြားချက်မှာFM များ နားဆင်နိုင်ခြင်း၊ မည်သည့်ခွေမှ ထည့်စရာမလိုဘဲ မိမိကြိုက်နှစ်သက်ရာ ရွေးချယ် ကြည့်နိုင်ခြင်း၊ Computer မလိုဘဲ Memory Card နှင့် USB များသို့ ကူးယူနိုင်ခြင်း၊ Game နှစ်ဦး ကစားနိုင်ခြင်း၊ သီချင်းများကို နှစ်ဦး တစ်ပြိုင်တည်း သီဆိုနိုင်ခြင်း၊ Home Theater မလိုအပ်ဘဲ အသုံးပြုနိုင်ခြင်း၊ AC/DC သာမက D/C ပါ အသုံးပြုနိုင်ခြင်း၊ အိမ်တွင်းသာမက လမ်းခရီးပါ ယူဆောင်၍ အသုံးပြုနိုင်ခြင်း၊G -STAR Water Dispenser ၏ ထူးခြားချက်မှာ အပူချိန်၊ အအေးချိန်များကို အလွယ်တကူသိရှိနိုင်ခြင်း၊ သီးနှံများ ကြာရှည်စွာ မပုပ်မသိုးစေရန်

သိမ်းဆည်းနိုင်ခြင်း၊ ရေပူ/ရေအေးများကို အချိန်အနည်းငယ်အတွင်း လိုအပ်သလို သုံးဆောင်နိုင်ခြင်း၊ မီးအဝင်၊ အထွက်များကို ချိန်ညှိ ပေးခြင်း၊ G-STAR Electronics Show Room မှ TV,LCD, CRT, EVD, Home Theater 5.1 Speaker, 2 Channel Speaker, Refrierator, Water Dispenser အစရှိသော Electronics ပစ္စည်းများကို အမြို့မြို့အနယ်နယ်ရှိ Supermarket ကြီးများနှင့် Electronics အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင် ကြောင်းသိရသည်။ **(သတင်းစဉ်)**

ပန်းအလှပျိုးထောင်မှု

ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြဟေဝန်ပန်းဥယျာဉ်အတွင်း ပန်းအလှပင်များ စိုက်ပျိုးထားမှုနှင့် ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ ပျိုးထောင်ထားမှုတို့ကို ဖေဖော်ဝါရီ ၃ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးထင်အောင်မြင့် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစောရွှေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်သန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မီးအန္တရာယ်ကြောက်မက်ဖွယ် ကာကွယ်မနွေး တို့အရေး

ဖောင်ပိတ်ပရီမီယာလိဂ်

အက်စ်တွန်ဗီလာနှင့် ဖူလ်ဟမ်သုံးမှတ်ရ မန်စီးတီးနှင့် လီဗာပူးတို့ ဂိုးပေါက်ပျောက်

မြင့်မောင်စိုး ➤ စုစည်းသည်

လန်ဒန် ဖေဖော်ဝါရီ ၂၁

ပရီမီယာလိဂ် ပွဲစဉ်(၂၇) လက်ကျန်ပွဲများကို ဖေဖော်ဝါရီ ၂၁ရက် ညပိုင်းက ဆက်လက် ယှဉ်ပြိုင်ကစားကြရာ အက်စ်တွန်ဗီလာနှင့် ဘလက်ဘန်းတို့သည် အိမ်ကွင်း၌ ပြိုင်ဘက်အသင်းများကို အသီးသီးအနိုင်ရခဲ့ပြီး ရမှတ်သုံးမှတ်စီ စုဆောင်းနိုင်ခဲ့ကြသည်။

အက်စ်တွန်ဗီလာ-ဘန်လေ

ဘန်လေတို့ အက်စ်တွန်ဗီလာအိမ်ကွင်းသို့ သွားရောက်ကစားခဲ့ရသော်လည်း ပွဲစပြီး ၁၀မိနစ်အကြာ စတီဗင်ဖလက်ချာက အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ဗီလာတို့ ချေပဂိုး သွင်းယူနိုင်ရေး တန်ပြန်တိုက်စစ်ဆင်ကစားခဲ့ရာ ပွဲချိန် ၃၂မိနစ်တွင် အက်ရှ်လေယန်းက အဝေးဘောဖြင့် ချေပဂိုးသွင်းယူပေးနိုင်ခဲ့သည်။

အက်စ်တွန်ဗီလာအတွက် စတုတ္ထဂိုးကို ဟတ်စကီးက ဤသို့ ဂိုးသွင်းယူခဲ့သည်။ (အင်တာနက် ဓာတ်ပုံ)

ဒုတိယပိုင်း

ဒုတိယပိုင်းတွင် ဗီလာကစားကွက်ပိုကောင်းလာသည်။ ဒေါင်းနင်းက ဗီလာအတွက် ပွဲချိန် ၅၆မိနစ်တွင် တစ်ဂိုး၊ ၅၈မိနစ်၌ တစ်ဂိုး ဆက်တိုက်သွင်းယူခဲ့သည်။ ဟတ်စကီးနှင့် အဘွန်လဟောတို့ကလည်း တစ်ဂိုးစီ သွင်းယူခဲ့ကြသည်။ ပွဲသိမ်းလေလွင့်ချိန်တွင် ပါတာဆင်က ဘန်လေအတွက် နှစ်သိမ့်ဂိုးသွင်းယူခဲ့သဖြင့် ဗီလာတို့ ငါးဂိုး-နှစ်ဂိုး သွင်းယူပြီး ပွဲသိမ်း အောင်ပွဲခံခဲ့သည်။ ဗီလာတို့ ယင်းအနိုင်ပွဲရလဒ်ကြောင့် လီဗာပူးနှင့် မန်စီးတီးတို့၏ နံပါတ်လေးနေရာကို ခြိမ်းခြောက်နိုင်ခဲ့သည်။

ဘလက်ဘန်း ဂိုးပြတ်နိုင်

ဘလက်ဘန်းတို့ အိမ်ကွင်း၌ အောက်ဆုံး သုံးသင်းတွင် ရုန်းကန်ကြိုးစားနေရသော ဘော်လ်တန်အသင်းကို သုံးဂိုးပြတ်သွင်းယူပြီး ရမှတ်သုံးမှတ်စုဆောင်းနိုင်ခဲ့သည်။ ဘလက်ဘန်းအတွက် ဂိုးများကို ကလင်းနစ်က ပထမပိုင်းပြီးခါနီးတွင် တစ်ဂိုး၊ ဒုတိယပိုင်း၌ လူစားဝင်လာသူ ရောဘတ်က တစ်ဂိုး၊ ဂျီဗက်က တစ်ဂိုးသွင်းယူပြီး အောင်ပွဲခံခဲ့သည်။

ဖူလ်ဟမ်-ဘာမင်ဂမ်

ဖူလ်ဟမ်က အိမ်ကွင်း၌ ဘာမင်ဂမ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပြီး ရမှတ်သုံးမှတ်စုဆောင်းနိုင်ခဲ့သည်။ ဖူလ်ဟမ်အသင်းအတွက် အနိုင်ဂိုးများကို ဒါမီယင်ဒပ်ဖ်နှင့် ဇာမိုရာတို့က သွင်းယူပေးခဲ့ကြခြင်း ဖြစ်သည်။



ဖူလ်ဟမ်အတွက် အနိုင်ဂိုးကို ဇာမိုရာက ဤသို့ ထိုးဖောက် သွင်းယူခဲ့သည်။ (အင်တာနက် ဓာတ်ပုံ)

သရေပွဲ

မန်စီးတီးတို့အိမ်ကွင်း၌ လီဗာပူးကို လက်ခံကစားခဲ့ရာ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ ပွဲသိမ်းခဲ့ရသည်။ မန်စီးတီးတို့ ဂိုးပေါက် ထိုးဖောက်မှုကောင်းသော်လည်း လီဗာပူး နောက်ခံလူများ၏ အဖြတ်အတောက်အပိတ်အဆို့ အားကောင်းနေသဖြင့် ဂိုးပေါက် ပျောက်ခဲ့ရသည်။ လီဗာပူးတိုက်စစ်မှူးများ၏ တန်ပြန်တိုက်စစ်မှာလည်း လေးဖင့်နေသဖြင့် ဂိုးအဖြစ်မပြောင်းလဲနိုင်ဘဲ ပွဲသိမ်းခဲ့ရသည်။

စပါးတို့ ဝီဂန်အိမ်ကွင်း၌ သုံးဂိုးပြတ်သွင်းယူပြီး အောင်ပွဲခံခဲ့သည်။ စပါးအတွက် ဒီဖိုးနှင့် ရုရှားဘောလုံးသမား ပက်ပလူချင်ကိုက နှစ်ဂိုးသွင်းယူပေးခဲ့သဖြင့် အမှတ်ပေးဇယား နံပါတ်(၄)နေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။ **(အင်တာနက်)**

စီးရီးအေပွဲစဉ်(၂၅) အနိုင်အရှုံး

ရိုးမား	၁ - ၀	ကာတန်နီယာ	ပါလာမို	၃ - ၁	လာဇီယို
အတ္တလန္တာ	၀ - ၁	ချီယေဗို	ဆီနာ	၀ - ၀	နာပိုလီ
ဘိုလော့နာ	၁ - ၂	ဂျူဗင်းတပ်စ်	ဂျီနိုအာ	၃ - ၀	အူဒီးနိစ်
ကာဂရီယာရီ	၂ - ၀	ပါးမား	အင်တာမီလန်	၀ - ၀	ဆမ်ဒိုးရီးယား
ဖီအိုရင်တီးနား	၂ - ၁	လီဗော်နို			

(အင်တာနက်)

❒ *ကျော်ဖုံးမှ*

ပျော်ရွှင်အပန်းဖြေနိုင်

မိမိနှစ်သက်ရာ အပန်းဖြေနည်း အမျိုးမျိုးဖြင့် ပင်ပန်းသမျှ ပြေပျောက်ရန် ကြိုးစားကြသည်။ စိတ်ပျော်ရွှင်မှုအတွက် ခံစားကြသည်။ နေပြည်တော်ပတ်ဝန်းကျင်မှ ပြည်သူများအတွက် ပျော်ရွှင်အပန်းဖြေ

အောင်သပြေ အဆင့်မြင့်ရုပ်ရှင်ရုံအတွင်း တပ်ဆင်ထားရှိမည့် ခေတ်မီ ဆိုဖာထိုင်ခုံများနှင့် မျက်နှာကြက်၌ တပ်ဆင်ထားသော စပီကာများကို ဤသို့ တွေ့ရသည်။
(မြန်မာ့အလင်း)

နိုင်ရန် အဆင့်မြင့် ရုပ်ရှင်ရုံတစ်ရုံကို တည်ဆောက်နေပြီး မကြာမီဖွင့်လှစ်တော့မည်ဟု ကြားသိရသဖြင့် သတင်းအဖွဲ့က အဆိုပါ ရုပ်ရှင်ရုံတည်ဆောက်နေသည့် နေပြည်တော် ဇမ္ဗူသီရိမြို့ ဇမ္ဗူသပြေလမ်းမ သပြေကုန်းအဝိုင်းအနီး ရေပန်းဥယျာဉ်ရှေ့ရှိ ရုပ်ရှင်ရုံသို့ သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

တာဝန်ယူတည်ဆောက်

သတင်းအဖွဲ့သည် ရုပ်ရှင်ရုံ တည်ဆောက်ရေးလုပ်ငန်းရုံးခန်းမ၌ ရုပ်ရှင်ရုံကို တာဝန်ယူတည်ဆောက်သည့် G-4 အုပ်စုကုမ္ပဏီမှ ဒါရိုက်တာအဖွဲ့ဝင် ဦးသာဌေးအား တွေ့ဆုံမေးမြန်းခဲ့ရာ ''အခု တည်ဆောက်နေတဲ့ရုပ်ရှင်ရုံဟာ အဆင့်မြင့် 2D၊3D ရုပ်ရှင်ရုံဖြစ်ပါတယ်။ တည်ဆောက်ရေးကာလအနေနဲ့ ၂၀၀၉ ခုနှစ် ဩဂုတ်လက စတင်ခဲ့တာပါ။ ယခုနှစ် မတ်လအတွင်း ဖွင့်လှစ်တော့မှာပါ။

တပ်ဆင်နေပြီ

ဆောက်လုပ်ရေး လုပ်ငန်းပိုင်းအနေနဲ့ ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီမို့ ရုပ်ရှင်ရုံအတွင်းပိုင်းမှာ စက်ပိုင်းဆိုင်ရာ၊ အသံပိုင်းဆိုင်ရာများကို စတင်တပ်ဆင်နေပြီ ဖြစ်ပါတယ်။

ရုပ်ရှင်ရုံကို အောင်သပြေအဆင့်မြင့် ရုပ်ရှင်ရုံလို့ အမည်ပေးဖို့ လျာထားပါတယ်။ ရုပ်ရှင်ကြည့်ပရိသတ်အနေနဲ့ ၃၀၀လောက် ကြည့်ရှုခံစားနိုင်ကြမှာပါ။ တစ်နေ့ သုံးပွဲနှုန်းနဲ့ ပြသပေးပါမယ်။ လေအေးစနစ်နဲ့ ၂၄ နာရီမီး၊ အရန်မီးများ ရှိပါတယ်။ 2D ဆိုတာက ဖလင်နဲ့ပြတာပါ။ 3D ကတော့ နိုင်ငံတကာမှာ ပြသနေတဲ့အတိုင်း 3D မျက်မှန်နဲ့ ကြည့်ရှုရမှာပါ။

3D ရုပ်ရှင်ဟာ ကြည့်ရှုသူကိုယ်တိုင် ရုပ်ရှင်ကားထဲက ဇာတ်ဝင်ခန်းထဲ ကိုယ်ရောက်နေသလို ခံစားရမှာမို့ ကြည့်ရှုသူကို ရသအမျိုးမျိုး ခံစားရစေမှာပါ''ဟု ပြောပြသည်။

''နေပြည်တော်ပတ်ဝန်းကျင် ပြည်သူများ အပန်းပြေစေမှု ပိုမိုပြည့်စုံဖို့ ရုပ်ရှင်ရုံကို ဆောက်လုပ်ခဲ့တာပါ''
ဦးသာဌေး
ဒါရိုက်တာအဖွဲ့ဝင်
G-4 အုပ်စုကုမ္ပဏီ။

ဆက်လက်၍ ''ရုပ်ရှင်ကြည့်သူများအနေနဲ့ ရုပ်ရှင်ကြည့်တဲ့အခါ သက်သောင့်သက်သာရှိစေဖို့ ၁၅ ဒီဂရီစောင်း၍ မှီနိုင်တဲ့ အဆင့်မြင့် ဆိုဖာထိုင်ခုံများ တပ်ဆင်ပေးထားပါတယ်။ အသံစနစ်က ရုပ်ရှင်ကြည့်တဲ့သူတွေအတွက် အရေးပါတာမို့ အဆင့်မြင့် 3 Ways Superior Sound System ထည့်သွင်းထားပါတယ်။ ဒါမှ ရုပ်နဲ့ အသံနဲ့ ခံစားတဲ့အခါ ထူးခြားစေမှာပါ'' ဟု ဆက်လက်ရှင်းပြသည်။

လက်မှတ်ရောင်းစနစ်

လက်မှတ်ရောင်းစနစ်ကို ကွန်ပျူတာစနစ်နှင့် ရောင်းချပေးပြီး ကြည့်ရှုသူက ကွန်ပျူတာမျက်နှာပြင်တွင် မိမိကြည့်ရှုလိုသော ထိုင်ခုံကို ရွေးချယ်ဝယ်ယူနိုင်ကြောင်း၊ ရုပ်ရှင်ကြည့်လာ ပရိသတ်များအတွက် ကားရပ်နားရန် ရုပ်ရှင်ရုံပတ်လည်၌ ကျယ်ဝန်းသော ကားရပ်နားရန်နေရာရှိကြောင်း၊ ကော်ဖီဆိုင်ဖွင့်ပေးထားကြောင်း ပြောပြသည်။

အင်တာနက်ကဖေး

ဆက်လက်၍ ယခု ရုပ်ရှင်ရုံနှင့် တွဲဖက်၍ သုံးထပ်အဆောက်အအုံ တစ်လုံး ဆက်လက်တည်ဆောက်နေကြောင်း၊ ယင်းအဆောက်အအုံတွင် လူ ၂၀၀ ဆံ့ ခန်းမတစ်ခု၊ လူ ၁၀၀ ဆံ့ 3D၊ 4D ရုပ်ရှင်ခန်းမနှင့် အရောင်းဆိုင်များ၊ ဆံပင်ပြုပြင်ဆိုင်၊ အင်တာနက်ကဖေးဆိုင်များ ပါရှိမည်ဖြစ်ကြောင်း၊ ဆက်လက်လုပ်ကိုင်နေသည့် လုပ်ငန်းအကြောင်းကိုပါ တစ်ဆက်တည်း ရှင်းပြသည်။

ရုပ်ရှင်ရုံနေရာနှင့် ပတ်သက်၍လည်း ''ရုပ်ရှင်ရုံအရှေ့မှာ နေပြည်တော် ရေပန်းဥယျာဉ်ရှိပါတယ်။ နေပြည်တော်နေပြည်သူများ စနေ၊ တနင်္ဂနွေနေ့လို အားလပ်ရက်မှာ အပန်းဖြေလာရောက်တဲ့အခါ အလွန်ပဲ စည်ကားများပြားပါတယ်။ အဲဒါကြောင့် ရေပန်းဥယျာဉ်လာပြည်သူများ နောက်ထပ် စိတ်ကြည်နူးပျော်ရွှင်စရာရှိစေဖို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီးရဲ့ စီစဉ်ကြီးကြပ်မှုနဲ့ ရုပ်ရှင်ရုံကို တည်ဆောက်ခဲ့တာပါ။

G-4 အုပ်စု ကုမ္ပဏီအနေနဲ့ Mount Pleasant Hotel ကို ၁၉-၁၂-၂၀၀၉ရက်က ဖွင့်လှစ်ပြီးတဲ့နောက်မှာ နေပြည်တော် ဖွံ့ဖြိုးရေး တည်ဆောက်မှုလုပ်ငန်းများကို ဆက်လက် လုပ်ကိုင်နေပါတယ်။ အဲဒီအတွက် နေပြည်တော်အနီးတစ်ဝိုက်က ပြည်သူများ ကိုယ်စိတ်နှစ်ပါး အပန်းပြေစေဖို့ ပိုမိုပြည့်စုံရန် ရုပ်ရှင်ရုံကို ဆောက်လုပ်တာပါ''ဟု နေပြည်တော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်နေမှုများကို သတင်းအဖွဲ့အား ပြောကြားသည်။

အပန်းဖြေပျော်ရွှင်စရာ

နိုင်ငံတော်မှ နေပြည်တော်ဖွံ့ဖြိုးရေး လုပ်ငန်းများကို ဘက်စုံ၊ ကဏ္ဍစုံမှ တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ နေပြည်တော်နေပြည်သူများ အပန်းဖြေပျော်ရွှင်စရာနေရာများ ပိုမိုရရှိရန် ခေတ်မီလှပ ဒီဇိုင်းလက်ရာများဖြင့် ဖော်ကျူးဆောက်လုပ်ထားသော နိုင်ငံတကာအဆင့်မီ 2D၊ 3D ကြည့်ရှုနိုင်သည့် အောင်သပြေအဆင့်မြင့်ရုပ်ရှင်ရုံကို မကြာမီ ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း သတင်းစကားပါး ရေးသားလိုက်ရပါကြောင်း····။ ။

(မြန်မာ့အလင်း)

အောင်သပြေ အဆင့်မြင့်ရုပ်ရှင်ရုံကို ဤသို့ ဒီဇိုင်းပုံစံဖြင့် တည်ဆောက်ထားသည်။
(မြန်မာ့အလင်း)



အောင်သပြေ အဆင့်မြင့်ရုပ်ရှင်ရုံအတွင်းရှိ အဆင့်မြင့် အသံစနစ်များပါရှိသော စပီကာများ တပ်ဆင်ထားမှုကို ဤသို့ မြင်တွေ့ရသည်။
(မြန်မာ့အလင်း)

နိုင်ငံတော်မှ နေပြည်တော် ဖွံ့ဖြိုးရေး လုပ်ငန်းများကို ဘက်စုံ၊ ကဏ္ဍစုံမှ တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ နေပြည်တော်နေပြည်သူများ အပန်းဖြေပျော်ရွှင် စရာနေရာများ ပိုမိုရရှိရန် ခေတ်မီလှပ ဒီဇိုင်း လက်ရာများဖြင့် ဖော်ကျူးဆောက်လုပ်ထားသော နိုင်ငံတကာအဆင့်မီ 2D၊ 3D ကြည့်ရှုနိုင်သည့် အောင်သပြေ အဆင့်မြင့်ရုပ်ရှင်ရုံကို မကြာမီ ဖွင့်လှစ်နိုင်တော့မည်။

ကင်ဆာရောဂါကာကွယ်ရေး အသိပညာပေးဟောပြော

မြစ်ကြီးနား ဖေဖော်ဝါရီ ၂၁

ပြည်နယ်ကျန်းမာရေး ဦးစီးဌာန၊ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့နှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့က ပူးပေါင်း၍ ကြီးမှူးကျင်းပသည့် ကင်ဆာရောဂါ ကြိုတင်ကာကွယ်ရေး ကျန်းမာရေး အသိပညာပေး ဟောပြောပွဲအခမ်းအနားကို ဇန်နဝါရီ ၁၆ရက် နံနက်၉နာရီက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကင်ဆာရောဂါ အထူးကု ဆရာဝန်ကြီးများက ကျန်းမာရေး အသိပညာပေးဟောပြောရာ ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းမြင့်မော်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနှင့် ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ ဌာနဆိုင်ရာများနှင့် စိတ်ပါဝင်စားသူ မိဘပြည်သူများ တက်ရောက်ကြသည်။ **(ခရိုင် မြန်/ဆက်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၂-၂-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဖိုလ်ကလေးတင့်အောင်)
၇:၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၈:၀၅ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၈:၂၀ ၇။ အတီးပြိုင်ပွဲ
၈:၃၀ ၈။ ပြည်သူ့အကျိုး သယ်ပိုးကြိုးစား မြန်မာ့မီးရထား
၈:၃၅ ၉။ မီးမီးရဲ့ဆုံးဖြတ်ချက်
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၀၅ ၂။ အရေးပြိုင်ပွဲ
၄:၁၀ ၃။ အကပဒေသာ
၄:၂၀ ၄။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၄:၃၀ ၅။ **၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (ဘောဂဗေဒဘာသာရပ်)**
၅:၀၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၁၀ ၇။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၅:၁၅ ၈။ တေးဂီတအစီအစဉ်
၅:၂၀ ၉။ လင်ပန်းရေလှောင်တမံ
၅:၂၅ ၁၀။ ညှော်မယ်ဇို့
၅:၃၅ ၁၁။ ရူပါတေးသံရှင်ရွေးချယ်ပွဲ
၆:၀၀ ၁၂။ ညနေခင်းသတင်း
၆:၁၅ ၁၃။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၄။ ဆိုကြမယ် ပျော်ကြမယ်
၇:၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ်** (အပိုင်း-၃၆)
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလွှမ်းသော ချစ်နှင်းဆီ** (အပိုင်း-၂၇)
၂၀။ **သုခုမရင်ပြင်**
၂၁။ အစီအစဉ်ပြီး၏။

ကျောက်ချောလမ်းသစ်ဖွင့်

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် သံတွဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော စန္ဒြားစေတီလမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်က ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကျော်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်ကျော်နှင့် အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

*** ရှေ့ဖုံးမှ**

ရှေ့ဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်း ဆက်သွယ်လမ်းများ ကောင်းမွန်ရန် လိုအပ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှုသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံသားများ၏ လူမှုပတ်ဝန်းကျင်ကိုပါ မြှင့်တင်နိုင်ကြောင်း စသည့် လမ်းညွှန်မှာကြားချက်များနှင့်အညီ၍ အပင်ပန်းခံ ကျော်လွှားပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ ညီညွတ်မှု ကာယဉာဏ စွမ်းပကားများဖြင့် ပေါင်းစပ်ကာ တစ်ဆင့်ပြီး တစ်ဆင့်၊ တစ်လမ်းပြီး တစ်လမ်း အောင်မြင်စွာ ဖောက်လုပ်ဖွင့်လှစ်ပေးနိုင်ခဲ့မှုများကို မိဘပြည်သူများလည်း ကြားသိပြီးဖြစ်ကြောင်း၊ ဆက်လက်၍ ဖောက်လုပ်နေသော ရထားလမ်းများသည်လည်း အမြောက်အမြား ရှိနေကြောင်း၊ ယင်းသို့ ဖောက်လုပ်ပေးနေခြင်းသည် နိုင်ငံတော်အစိုးရ၏ တိုင်းရင်းသား ပြည်သူများအပေါ် ထားရှိသော ဆူကြံ့နိမ့်မြင့် မခွဲခြားဘဲ ဒေသအားလုံး ကွက်လပ်မကျန်ရစေရန် တန်းတူညီတူ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကကျသည့် လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အခြေခံအဆောက်အအုံများကို ချမှတ်ဖော်ဆောင်ပေးနေခြင်းပင် ဖြစ်ကြောင်း။

အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး ကသာ-မိုးတားကြီး ရထားလမ်းပိုင်းသစ် ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကသာ-မိုးတားကြီး ရထားလမ်းပိုင်းသစ် ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရထားလမ်းများကို အရှေ့၊ အနောက်၊ တောင်၊ မြောက်အစရှိသည်ဖြင့် ရှိပြီးသား ရထားလမ်းများနှင့် ဆက်စပ်ပြီး **“ပြည်ထောင်စုရထားလမ်းကွန်ရက်”** ကြီး ဖြစ်လာအောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယနေ့ဖွင့်လှစ်သည့် ကသာ - မိုးတားကြီး ရထားလမ်းပိုင်းသည် ကသာ-ဗန်းမော် ရထားလမ်းမကြီး၌ ပါဝင်ပြီး ယင်းလမ်းမကြီး၏ ပထမဆုံးဆက်စပ်ဖောက်လုပ်ဖွင့်လှစ်နိုင်သော ရထားလမ်းပိုင်းတစ်ခုဖြစ်သကဲ့သို့ ပြည်ထောင်စုရထားလမ်းကွန်ရက်၏ အစိတ်အပိုင်းတစ်ခုဟု ခေါ်ဆိုရမည်ဖြစ်ပါကြောင်း။

မိဘပြည်သူများကလည်း ဤရထားလမ်း အခွန့်ရှည် တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်ပေးသွားကြပါဟု ပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်စပ်ဖောက်လုပ်

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ကသာ-မိုးတားကြီးရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းနှင့် ပတ်သက်၍ ပြောကြားရာတွင် စစ်ကိုင်းတိုင်း ကသာမြို့မှ ကချင်ပြည်နယ် ဗန်းမော်မြို့သို့ ဆက်စပ်ဖောက်လုပ်မည့် အရှည် ၉၈မိုင်ရှိသည့် ကသာ-ဗန်းမော် ရထားလမ်းမကြီးကို အပိုင်းလိုက် ဆက်စပ်ဖောက်လုပ်ဖွင့်လှစ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိရာမှာ ယနေ့ဖွင့်လှစ်သည့် ကသာ-မိုးတားကြီး ရထားလမ်းပိုင်းသည် ပထမဆုံး ဖောက်လုပ်ဖွင့်လှစ်မြို့နယ်၊ မန်စီမြို့နယ်နှင့် ဗန်းမော်မြို့နယ်များကို ဖြတ်သန်းဖောက်လုပ်သွားမှာဖြစ်သည့်အတွက် ဤရထားလမ်းကြီး ဖောက်လုပ်ပြီးစီးသွားပါက ဤဒေသများ၏ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းများ ချောမွေ့ အဆင်ပြေလာမှာ ဖြစ်ပါကြောင်း၊ ကသာနှင့် ဗန်းမော်ဒေသများသည်အဓိက လမ်းပန်းဆက်သွယ်ရေး လမ်းကြောင်းများနှင့် အလှမ်းဝေးပြီး ချောင်ကျသောဒေသများဖြစ်သည့်အတွက် ဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျခဲ့ပြီး ထိုဒေသများ၌ နေထိုင်ကြသည့် တိုင်းရင်းသားများ၏ လူနေမှုဘဝသည်လည်း နောက်ကျကျန်ရစ်ခဲ့ရပါကြောင်း၊ ယင်းသို့ အခြေအနေများကို သိမြင်ခဲ့သည့်အတွက် နိုင်ငံတော် အကြီးအကဲက ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့သောဒေသများကို အခြားဒေသများနည်းတူ အဘက်ဘက်က ဖွံ့ဖြိုး

မတိုင်မီက ရထားလမ်းအရှည် ၁၉၇၆ ဒသမ ၃၅မိုင်သာရှိခဲ့ရာ တပ်မတော်အစိုးရလက်ထက်တွင် ယနေ့ ဖွင့်လှစ်မည့် ကသာ-မိုးတားကြီး ရထားလမ်းအပါအဝင် ရထားလမ်းအရှည် ၁၃၈၁ ဒသမ ဝ၃မိုင်ထပ်မံ တိုးချဲ့ဖောက်လုပ်နိုင်ခဲ့သဖြင့် ရထားလမ်းအရှည် စုစုပေါင်း ၃၃၅၇ဒသမ ၃၈မိုင်ကိုလည်းကောင်း၊ ၁၉၈၈ခုနှစ်မတိုင်မီက ဘူတာပေါင်း ၄၈၇ဘူတာရှိခဲ့ရာမှ တပ်မတော်အစိုးရလက်ထက်တွင် ယနေ့ဖွင့်လှစ်မည့် ကသာ-မိုးတားကြီးလမ်းပိုင်းရှိ ဘူတာ လေးဘူတာအပါအဝင် ၃၇၁ ဘူတာကို တိုးချဲ့တည်ဆောက်နိုင်ခဲ့သဖြင့် ဘူတာစုစုပေါင်း ၈၅၈ဘူတာကိုလည်းကောင်း၊ ၁၉၈၈ခုနှစ်မတိုင်မီက တံတားကြီးငယ် စုစုပေါင်း အစင်း ၅၆၅၀ရှိခဲ့ရာမှ တပ်မတော်အစိုးရလက်ထက်တွင် အစင်း ၅၁၁၀ ထပ်မံ တည်ဆောက်နိုင်ခဲ့သဖြင့် တံတားကြီးငယ် စုစုပေါင်း အစင်း ၁၀၇၆၀

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက် ... ဗိုလ်ချုပ်မြင့်စိုး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် အား... ဗိုလ်မှူးချုပ်သူရအေးမြင့်တို့ အထူးရထားဖြင့် လိုက်ပါစီးနင်းကြသည့် ဒေသခံပြည်သူများ... လက်ဆောင်များ ပေးအပ်စဉ်။

ကသာ-ဗန်းမော်ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၏ ကသာ-မိုးတားကြီး ရထားလမ်းပိုင်းသစ် ဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။ (သတင်းစဉ်)

ယနေ့ဖွင့်လှစ်သည့် အရှည်မိုင် ၁၆ဒသမ ၆၈မိုင်ရှိသော ကသာ-မိုးတားကြီး ရထားလမ်းပိုင်းသည် အရှည်မိုင် ၉၈မိုင်ရှိသော ကသာ-ဗန်းမော်ရထားလမ်းမကြီး၏ ပထမဆုံး အောင်မြင်စွာ ဆက်စပ် ဖောက်လုပ်ပေးနိုင်ခဲ့သော ရထားလမ်းပင်ဖြစ်ပါကြောင်း၊ ကျန်ရှိသည့် ရထားလမ်းများကိုလည်း အပိုင်းလိုက် အမြန်ဆုံး ဆက်စပ် ဖောက်လုပ်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးသွားမှာလည်း ဖြစ်ကြောင်း။

ကသာ-မိုးတားကြီး ရထားလမ်းပိုင်းတွင် ရထားပြေးဆွဲနေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

တိုးတက်လာစေရန် ကားလမ်း၊ ရထားလမ်းများကို ကွက်လပ်မကျန် ဖောက်လုပ် ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဤနယ်မြေ ဤဒေသများအတွက် မဝေးတော့သည့် အနာဂတ်ကာလ၌ နိုင်ငံတော်အစိုးရ၏ စေတနာ အသီးအပွင့်ဖြစ်သော လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အထောက်အကူပြု ရထားလမ်းမကြီးသည်လည်း မိဘပြည်သူများရှေ့မှောက်၌ မျက်ဝါးထင်ထင် တွေ့မြင် ခံစားလာရမှာဖြစ်ကြောင်း။

တိုးချဲ့တည်ဆောက်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ၁၉၈၈ခုနှစ်

ကိုလည်းကောင်း ဖောက်လုပ်တည်ဆောက်ပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း။

နိုင်ငံတစ်ဝန်း တန်းတူ ဖွံ့ဖြိုးတိုးတက်စေရေး မဟာဗျူဟာကို အခြေခံ၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအနှံ့ ရထားလမ်းများ ဖောက်လုပ်ပေးလျက်ရှိရာ မိုးတားကြီး - ဗန်းမော် ရထားလမ်း ၈၁ဒသမ ၃၂မိုင်၊ မိုးနဲ-ကျိုင်းတုံရထားလမ်း ၂၂၆မိုင်၊ ထားဝယ်-မြိတ်ရထားလမ်း ၁၃၂ဒသမ ၅၀မိုင်၊ မင်းဘူး-အမ်း-ရေချမ်းပြင်ရထားလမ်း ၂၄၅ ဒသမ ၅၄မိုင်၊ ပုသိမ်(ဘဲဂရက်)-ညောင်တုန်း-ရန်ကုန် (လှိုင်သာယာ) ရထားလမ်း ၈၉မိုင်၊ ပြည်(ရွှေတံခါး)-တောင်ငူ(ကျေးတော)-နေပြည်တော် ရထားလမ်းမိုင် ၁၂၀၊ ဟင်္သာတ-ညောင်တုန်း ရထားလမ်း ၄၈မိုင်၊ သရက် - ကျွန်းချောင်း ရထားလမ်း ၁၉၀ဒသမ ၈၆မိုင်၊ ရွာတော်-ကန်ပြား ရထားလမ်း ၆၅ဒသမ ၂၀မိုင်တို့ကို ဆက်လက် ဖောက်လုပ်နေဆဲဖြစ်ပါကြောင်း။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ရထားလမ်းများ ပိုမိုတိုးတက်ကောင်းမွန်အောင် ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်စေရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာစေရန်အတွက် ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်ပေးခြင်း၊ လူစီးတွဲနှင့် ကုန်တွဲများကို ကုန်ကျစရိတ် သက်သာစွာဖြင့် ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး စသည့် ရုပ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်ရေးသာမက ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ယနေ့ဆိုလျှင် လေအေးပေးစက် တပ်ဆင်ထားသော အဆင့်မြင့်တွဲများကို မန္တလေး-ရန်ကုန်လမ်းပိုင်းတွင်လည်းကောင်း၊ နေပြည်တော် - မန္တလေး လမ်းပိုင်းတွင် စတင်ပြေးဆွဲနေပြီဖြစ်ကြောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် လမ်းပန်းဆက်သွယ်မှု အဆင်ပြေလွယ်ကူချောမွေ့စေရေး အခန်းကဏ္ဍတွင် ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးကို ဦးထိပ်ပန်ဆင်ပြီး ကျရာအခန်းကဏ္ဍမှ တာဝန်ကျေပွန်စွာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒေသခံပြည်သူတစ်ဦးက ကသာ-မိုးတားကြီး ရထားလမ်းပိုင်းသစ် ဖွင့်လှစ်ပေးခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

 က... ပြေးဆွဲ... ပြည်သူ...

ချမှတ်ဖော်ဆောင်

တပ်မတော်အစိုးရ လက်ထက်၌ လမ်းပန်းဆက်သွယ်မှုဆိုင်ရာ ကားလမ်း၊ ရထားလမ်းများကို မြောက်မြားစွာ ဖောက်လုပ်ပေးခဲ့ပြီး ဖြစ်သကဲ့သို့ ဆက်လက် ဖောက်လုပ်ပေးနေဆဲလည်း ဖြစ်ကြောင်း၊ ရထားလမ်းများအနေဖြင့်လည်း ယခင်က အိပ်မက်ပင် မမက်နိုင်ခဲ့သော နေရာဒေသများအထိ အခက်အခဲ သဘာဝအတားအဆီး မြောက်မြားစွာကို တပ်မတော်နှင့်ပြည်သူ ပူးပေါင်းဖွင့်လှစ်ပေးနိုင်ခဲ့သည့် လမ်းပိုင်းဖြစ်ကြောင်း၊ ဒေသခံပြည်သူများကိုယ်စား ဤရထားလမ်းပိုင်းကို အောင်မြင်စွာ ဖောက်လုပ်ပေးခဲ့ကြသော ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား ဝန်ထမ်းများ၏ အားကြိုးမာန်တက် ဆောင်ရွက်ချက်များကို ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်းနှင့် ဒေသခံ

ကသာ-မိုးတားကြီးရထားလမ်းပိုင်းသစ် ဖွင့်ပွဲအခမ်းအနားတွင် အထူးရထားနှင့် လိုက်ပါစီးနင်းကြသည့် ဒေသခံပြည်သူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ယနေ့ ဖွင့်လှစ်မည့် ကသာ-မိုးတားကြီးရထားလမ်းသည် ကသာ-ဗန်းမော်ရထားလမ်းမကြီး ဖောက်လုပ်ပြီးစီးသွားပါက မန္တလေးမှ ဗန်းမော်အထိ ခရီးသည်နှင့် ကုန်စည်များသည် ရထားလမ်းကြောင်းဖြင့် တိုက်ရိုက်သွားလာတင်ပို့နိုင်မှာ ဖြစ်ကြောင်း၊ ထို့အပြင် ကသာမြို့နယ်၊ ရွှေကူ

နိုင်ငံတစ်ဝန်း တန်းတူ
အခြေခံ၍ ရထားပို့ဆော
ရထားလမ်းများ ဖောက်လု
ရထားလမ်း ၈၁ဒသမ ၃၂မို
ထားဝယ်-မြိတ်ရထားလမ်း
ရေချမ်းပြင်ရထားလမ်း ၂
ညောင်တုန်း-ရန်ကုန်(လှိုင်
(ရွှေတံခါး)-တောင်ငူ(ကျေ
၁၂၀၊ ဟင်္သာတ-ညောင်တုန်
ချောင်း ရထားလမ်း ၁၉၀ဒ
လမ်း ၆၅ဒသမ ၂၀မိုင်တို့

...မ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ...ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး ...ို့ အထူးရထားဖြင့် လိုက်ပါစီးနင်းကြသည့် ဒေသခံပြည်သူများအား ဖွင့်ပွဲအထိမ်းအမှတ် ...စဉ်။ (သတင်းစဉ်)

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်နှင့် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့က ကသာ-မိုးတားကြီး ရထားလမ်းပိုင်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဖွင့်ပွဲမှခ်ဦးရှေ့၌ ဒေသခံပြည်သူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများသည် ဖွင့်ပွဲအထူးရထားကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး အထူးရထားနှင့်အတူ လိုက်ပါစီးနင်းကြသည့် ဒေသခံပြည်သူများအား ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်များကို ပေးအပ်ကြကာ လမ်းတစ်လျှောက်ရှိ ဘူတာများမှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယခုဖွင့်လှစ်လိုက်သည့် ကသာ-ဗန်းမော်ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၏ ကသာ-မိုးတားကြီး ရထားလမ်းပိုင်းသစ်ကို ၂၀၀၇ခုနှစ် မေ ၁၆ရက်တွင် စတင် အကောင်အထည်ဖော် ဖောက်လုပ်ခဲ့ပြီး ရထားလမ်းခရီးမိုင်အရှည် ၁၆ဒသမ ၆၈မိုင်၊ လမ်းတစ်လျှောက် တံတားကြီးငယ်စုစုပေါင်း ၅၉စင်း၊ အများဆုံးကွေ့ဒီဂရီ ၁၂ဒီဂရီ၊ ကွေ့ပေါင်း ၂၇ကွေ့၊ ဘလောက်ဘူတာ လေးဘူတာတို့ ပါဝင်သည်။ ကသာ-မိုးတားကြီး ရထားလမ်းပိုင်းသစ်သည် ကသာမြို့နယ်အတွင်း တည်ရှိပြီး ကသာဘူတာ၊ ပေါမမြိုင်ဘူတာ၊ မင်းလယ်ဘူတာနှင့် မိုးတားကြီး ဘူတာတို့ပါဝင်ကာ ကသာ-ဗန်းမော်ရထားလမ်းစီမံကိန်း၏ ပထမဆုံးဖွင့်လှစ်နိုင်သော ရထားလမ်းပိုင်းသစ်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဆက်လက်၍ ဒေသခံပြည်သူတစ်ဦးက ကသာ-မိုးတားကြီး ရထားလမ်းပိုင်းသစ် ဖွင့်လှစ်ပေးခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ကသာ-မိုးတားကြီးရထားလမ်းပိုင်းသစ် ဖွင့်ပွဲအခမ်းအနားတွင် စတင်ပြေးဆွဲသည့် အထူးရထားအား လမ်းတစ်လျှောက်ရှိ ဘူတာများမှ ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတစ်ဝန်း တန်းတူဖွံ့ဖြိုးတိုးတက်စေရေး မဟာဗျူဟာကို အခြေခံ၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအနှံ့ ရထားလမ်းများ ဖောက်လုပ်ပေးလျက်ရှိရာ မိုးတားကြီး-ဗန်းမော် ရထားလမ်း ၈၁ဒသမ ၃၂မိုင်၊ မိုးနဲ-ကျိုင်းတုံရထားလမ်း ၂၂၆မိုင်၊ ထားဝယ်-မြိတ်ရထားလမ်း ၁၃၂ဒသမ ၅၀မိုင်၊ မင်းဘူး-အမ်း-ရေချမ်းပြင်ရထားလမ်း ၂၄၅ဒသမ ၅၄မိုင်၊ ပုသိမ် (ဘဲဂရက်) -ညောင်တုန်း-ရန်ကုန်(လှိုင်သာယာ) ရထားလမ်း ၈၉မိုင်၊ ပြည် (ရွှေတံခါး)-တောင်ငူ(ကျေးတော)-နေပြည်တော် ရထားလမ်းမိုင် ၁၂၀၊ ဟင်္သာတ-ညောင်တုန်း ရထားလမ်း ၄၈မိုင်၊ သရက်-ကျွန်းချောင်း ရထားလမ်း ၁၉၀ဒသမ ၈၆မိုင်၊ ရွာတော်-ကန်ပြားရထားလမ်း ၆၅ဒသမ ၂၀မိုင်တို့ကို ဆက်လက်ဖောက်လုပ်နေဆဲဖြစ်။

နေပြည်တော်ပျဉ်းမနား - ပင်လောင်းလမ်း
တောင်ပေါ်အတက်လမ်းဖြစ်၍ လမ်းကွေ့များဦးစားပေးချဲ့ ခရီးသည်တင်ဘတ်စ်ကားများ သွားလာနိုင်သည်အထိ ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဖေဖော်ဝါရီ ၂၀ရက် နံနက် ၁၁နာရီခွဲတွင် နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်း (ကင်းသာ-ရေဝေတောင်) မိုင်တိုင်အမှတ် (၀/၀)မိုင်မှ (၉/၂)မိုင်အထိ နေပြည်တော်ခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက စက်ယန္တရားများဖြင့် လမ်းတိုးချဲ့ခြင်းနှင့် ကျောက်ခင်းနေမှု၊ ရေဝေတောင်-ကိုးကွေ့လမ်းအပိုင်း မိုင်တိုင်အမှတ်(၉/၂)မိုင်မှ (၂၀/၄)မိုင်အထိ လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၃)မှ စက်ယန္တရားများဖြင့် လမ်းတိုးချဲ့ပြုပြင်ခြင်းနှင့် ကျောက်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကိုးကွေ့ရေတံခွန်တောင် ရှင်းလင်းဆောင်၌ နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်းကို အပိုင်းနှစ်ပိုင်းခွဲ၍ လမ်းအဆင့်မြှင့်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို ဒုတိယအင်ဂျင်နီယာချုပ် ဦးသိန်းဇော်က ရှင်းလင်းတင်ပြရာ ဝန်ကြီးက တောင်ပေါ်အတက်လမ်းဖြစ်သည့်အတွက် လမ်းကွေ့များကို ဦးစားပေးချဲ့ပေးရန်၊ ခရီးသည်တင်ဘတ်စ်ကားများ သွားလာနိုင်သည်အထိ ဆောင်ရွက်ပေးရန်နှင့် လမ်းဘေးဝဲယာ ရေနုတ်မြောင်းများ ဖောက်လုပ်ပေးရန်တို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် မော်တော်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာပြီး လမ်းတစ်လျှောက် လမ်းအဆင့်မြှင့်ပြုပြင်ခြင်း လုပ်ငန်းများဆောင်ရွက်နေမှု၊ ခရီးသည်ယာဉ်များ လွယ်ကူချောမွေ့စွာသွားလာမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ် (၄၇/၃)ရှိ လိန်းလီကြိုးတံတား တည်ဆောက်ရေးလုပ်ငန်းခွင်၏ နေပြည်တော်ပျဉ်းမနားဘက်ကမ်း၌ စက်ယန္တရားများဖြင့် ချဉ်းကပ်တံတားနှင့် လုပ်ငန်း ဆောင်ရွက်နေမှု၊ ချဉ်းကပ်တံတားနှင့် ကြိုးထိန်းခုံလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ရှင်းလင်းဆောင်၌ တံတားတည်ဆောက်ရေးလုပ်ငန်းတွင် အနီးကပ်ကြီးကြပ်ကွပ်ကဲသည့် အင်ဂျင်နီယာချုပ် ဦးသန်းဆွေက တံတားကြိုးထိန်းခုံလုပ်ငန်း၊ တံတားချဉ်းကပ်လုပ်ငန်း၊ တည်ဆောက်ရေးပစ္စည်းများနှင့် စက်ယန္တရားများရရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပင်လောင်းဘက်ကမ်းသို့သွားရောက်ကာ တံတားချဉ်းကပ်လမ်း ဆောင်ရွက်ပြီးစီးမှု၊ ပင်လောင်းဘက်ကမ်း ကြိုးထိန်းခုံလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ကြိုးတံတား

လိန်းလီကြိုးတံတားမှာ အပေါ်ထည် သံမဏိသံပေါင်ကြိုးတံတားနှင့် သံကူကွန်ကရစ်ကြမ်းခင်းတို့ဖြင့် တည်ဆောက်ထားပြီး အုတ်မြစ်မှာ သံကူကွန်ကရစ် ဘိုးပိုင်ဖြစ်သည်။ ပင်မကြိုးတံတား အရှည်ပေ ၁၀၀၀နှင့် ချဉ်းကပ်တံတားနှစ်ဖက်ပေ ၇၆၀ စုစုပေါင်း တံတားအရှည်ပေ ၁၇၆၀ရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၈ပေ၊ နှစ်လမ်းသွားနှင့် လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီပါရှိကာ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ ၇၅တန်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မြောက်ပိုင်းစွန်းဒေသများ၌ မိုးနည်းဖွယ်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မကွေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး တနင်္သာရီတိုင်းတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်၊ ရခိုင်ပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ ပူတာအိုမြို့တွင် ၀ဒသမ ၀၄လက်မတို့ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဖေဖော်ဝါရီ ၂၂ရက်ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၂-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

- ၅း၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ရတနသုတ်
- ၅း၁၅ MRTV-4 သတင်း
- ၆း၀၀ ဆရာတော်အရှင်ပုညာနန္ဒ ဟောကြားတော်မူသော တရားတော်
- ၇း၀၀ MRTV-4 သတင်း
- ၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၂၉)
- ၈း၃၀ Sports World(Snow Boad)
- ၈း၄၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉း၁၀ စုပေါင်းအလှူကုသိုလ်ယူ… တူယှဉ်ဆင်နွှဲ ဒါနပွဲ
- ၉း၂၀ Parkway Health မှ နှလုံးနှင့် အဆုတ်အထူးကုဆရာဝန်ကြီးများနှင့် တွေ့ဆုံခြင်း
- ၉း၄၀ Global Panorama
- ၁၀း၂၅ မင်္ဂလာဆောင်ပြီး ချောင်းသာ ဟန်နီးမွန်းထွက်မယ်
- ၁၀း၄၅ Activities in the City (ILBC သီပွဲပြပွဲ)
- ၁၁း၀၅ International Show Biz
- ၁၁း၂၅ အန္တရာယ်ကင်းသော မိခင်ဘဝ (ဒေါက်တာသိန်းသိန်းဌေး)
- ၁၁း၄၅ တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူ တို့အတူ (မြက်စားငါးကြင်း မွေးမြူသားဖောက်ခြင်းလုပ်ငန်း)
- ၁၂း၀၅ Vancouver 2010 Olympic Winter Games
- ၁း၀၀ ဆရာတော်အရှင်ပုညာနန္ဒ ဟောကြားတော်မူသော တရားတော်
- ၂း၀၀ MRTV-4 သတင်း
- ၂း၄၅ ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွင့်များ (တက္ကသိုလ်ဘုန်းနိုင်၏ သားစာရေးဆရာဘုန်းတင့်ကျော်နှင့် တွေ့ဆုံခြင်း) (အပိုင်း-၂)
- ၃း၂၀ စုပေါင်းအလှူကုသိုလ်ယူ… တူယှဉ်ဆင်နွှဲ ဒါနပွဲ
- ၃း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၂၉)
- ၄း၀၅ ဖိတ်ခေါ်မောင်မြန်မာ (ကျား၊မ) စက်ဘီးပြိုင်ပွဲ အကြိုညှိနှိုင်း ဆွေးနွေးပွဲ
- ၄း၃၀ Activities in the City (ILBC သီပွဲပြပွဲ)
- ၄း၅၀ Parkway Health မှ နှလုံးနှင့် အဆုတ်အထူးကုဆရာဝန်ကြီးများနှင့် တွေ့ဆုံခြင်း
- ၅း၁၅ မင်္ဂလာဆောင်ပြီး ချောင်းသာ ဟန်နီးမွန်းထွက်မယ်
- ၅း၃၀ အနုပညာမိုးကောင်းကင်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ ဂီတသရုပ်ပြခန်း (အဆိုတော် ချိုချိုနီ)
- ၆း၄၅ စာအုပ်ပြခန်း (The Map of Yangon စာအုပ် ထုတ်ဝေသူ ဒေါ်မြင့်မြင့်မော်နှင့် တွေ့ဆုံခြင်း)
- ၇း၀၀ International Show Biz
- ၇း၁၅ ကလေးလူနာများ၏ (၆)နှစ်မြောက် ပျော်ပွဲရွှင်ပွဲ
- ၇း၃၀ Shooting Making (ကျွန်မတို့နှစ်ယောက်ရဲ့ယောက်ျား ဇာတ်ကားရိုက်ကွင်း)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွင့်များ (တက္ကသိုလ်ဘုန်းနိုင်၏သား စာရေးဆရာဘုန်းတင့်ကျော်နှင့် တွေ့ဆုံခြင်း) (အပိုင်း-၂)
- ၉း၀၀ အနုပညာမိုးကောင်းကင်
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၂၉)
- ၁၀း၀၀ ဖိတ်ခေါ်မောင်မြန်မာ(ကျား၊မ) စက်ဘီးပြိုင်ပွဲ အကြိုညှိနှိုင်း ဆွေးနွေးပွဲ
- ၁၀း၂၀ စာအုပ်ပြခန်း (The Map of Yangon စာအုပ် ထုတ်ဝေသူ ဒေါ်မြင့်မြင့်မော်နှင့် တွေ့ဆုံခြင်း)
- ၁၀း၃၀ ကလေးလူနာများ၏ (၆)နှစ်မြောက် ပျော်ပွဲရွှင်ပွဲ
- ၁၀း၅၀ Shooting Making (ကျွန်မတို့နှစ်ယောက်ရဲ့ယောက်ျား ဇာတ်ကားရိုက်ကွင်း)
- ၁၁း၁၅ မြန်မာတို့၏ စွဲမက်ဖွယ်ရာ ထိုးမုန့်၊ လမုန့်အရသာ
- ၁၁း၂၅ ဆေးဖက်ဝင်သစ်ခွ၏ အသုံးဝင်မှုများထဲမှ…
- ၁၁း၃၅ **အမွှန်မြတ်ဆုံးလက်ဆောင်** နေရဲလင်း၊ နှင်းဥ၊ မေနံ့သာခင်၊ စောနိုင်(ရှမ်းပြည်)၊ ဒေါ်တင်တင်လှ (ဒါရိုက်တာ-မောင်မောင်မြင့်)
- ၁၁း၅၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည် မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်းများ
၂း၂၅	Blackburn-Bolton	Star Sports (Live)၊ MRTV-4

၂၀၁၀ မောင်မြန်မာနှင့် မယ်မြန်မာတို့၏ ဖွင့်ဟစကား

အားကစားသတင်းမှတ်စု ရေးသူ - ကျော်ကျော်(စက်မှုတက္ကသိုလ်)

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မောင်မြန်မာပြိုင်ပွဲများကို စစ်ပြီးခေတ် (၁၉၄၇ ခုနှစ်ခန့်)ကစပြီး ယနေ့အထိ အစဉ်အလာမပျက် ကျင်းပပေးခဲ့သည်။ ဤပြိုင်ပွဲများမှတစ်ဆင့် မောင်စကြဝဠာပြိုင်ပွဲ၊ အာရှမောင်ပြိုင်ပွဲ၊ မာဒေးကား မောင်ပြိုင်ပွဲ၊ အရှေ့တောင်အာရှ မောင်ပြိုင်ပွဲ စသည့်ပြိုင်ပွဲများ၌ နိုင်ငံ့ဂုဏ်ဆောင် ကာယဗလမောင်များ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုတံဆိပ်များလည်း ရရှိခဲ့ကြပြီးဖြစ်သည်။ ယခုအခါ နိုင်ငံတော်ကလည်း အားကစားကို ဘက်စုံအားပေးလျက်ရှိသည်။

မြန်မာနိုင်ငံ၌ကျင်းပရန် အစီအစဉ်ရှိသည့် ၂၀၁၃ ခုနှစ် အရှေ့တောင်အာရှ SEA Games ပြိုင်ပွဲကြီးအတွက် အကြိုပြင်ဆင်သည့်အနေဖြင့် ၂၀၁၀ မောင်မြန်မာ၊ မယ်မြန်မာပြိုင်ပွဲကြီးကို မြန်မာနိုင်ငံကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်နှင့် MDG Co., Ltd.တို့ ပူးပေါင်းစီစဉ်ကျင်းပမှုဖြင့် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပခဲ့သည်။

ရွေးချယ်

ယခုနှစ် ၂၀၁၀ မောင်မြန်မာ၊ မယ်မြန်မာပြိုင်ပွဲကြီး၌ မောင်မြန်မာ(အငယ်တန်း) ပဏာမအဆင့်ပြိုင်ပွဲတွင် ၁၄ ဦးတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကြပြီး ဗိုလ်လုပွဲအဆင့်၌ ဆန်ခါတင် ၁၀ ဦးအနက်မှ ခြောက်ဦးကို ဆုရွေးချယ်ခဲ့သည်။

ဆက်လက်၍ မယ်မြန်မာပြိုင်ပွဲ ပဏာမအဆင့်ကိုကျင်းပရာ ပြိုင်ပွဲဝင်မယ်လောင်းလေးများ၏ အသံကြည်လင်ပြတ်သားကောင်းမွန်မှု ရှိ၊ မရှိ သိနိုင်ရန် နှုတ်အမူအရာ စစ်ဆေးသည့်အနေဖြင့် မိမိကိုယ်မိမိ မိတ်ဆက်စကားပြောကြားစေသည်။ ထို့နောက် သတ်မှတ်ကိုယ်ဟန်ပြပုံစံလေးမျိုးဖြစ်သည့် ရှေ့ဘက်ကိုယ်ဟန်ပြ၊ ဝဲဘက်ဘေးတိုက် ကိုယ်ဟန်ပြ၊ ယာဘက်ဘေးတိုက် ကိုယ်ဟန်ပြနှင့်

ပထမဆု ဆွတ်ခူး ရရှိသွားကြသည့် မောင်မြန်မာ အောင်ဆွေနိုင်နှင့် မယ်မြန်မာ ဆွေဇင်ဖြိုးတို့၏ အောင်မြင်မှု အပြုံးကိုယ်စီ....။

(မြန်မာ့အလင်း)

နောက်ဘက်ကိုယ်ဟန်ပြများအပြင် စိတ်ကြိုက်ကိုယ်ဟန်ပြ သုံးမျိုးတို့ဖြင့်ပါ ယှဉ်ပြိုင်စေသည်။ နှစ်ဆယ်ကျော်အစိတ်ပိုင်းရောက် ကာယအလှမယ်များ၏ ချစ်စဖွယ်ဟန်ပန်နှင့် ဆင်မယဉ်သာ လျှောက်လှမ်းလာပုံများမှာ ကာယအလှမယ်ပြိုင်ပွဲတိုင်း ဖွင့်လှစ်နေကျ 'ယဉ်တစ်ကိုယ်မယ်'တေးသီချင်း၏ ဂီတသံစဉ်များအတိုင်း လာရောက်ကြည့်ရှုသူ ပရိသတ်ရင်ကို အေးမြစေရာ ကာယအလှနှင့် အားကစားကို စိတ်ဝင်စား အတုယူချင်စရာကောင်းစေသည်။ ထို့ပြင် ပြိုင်ပွဲဝင်အလှမယ်များက ပရိသတ်အား ကျောပေး၍ တစ်ဦးချင်းစီ၏ နောက်ဘက်ကိုယ်ဟန်ပြ ယှဉ်ပြိုင်တိုင်း အမျိုးသားပရိသတ်များ၏ ဟေးခနဲ ဩသံပေးအော်ဟစ်အားပေးမှုများမှာ MCC ခန်းမကြီးတစ်ခုလုံး လျှံထွက်သွားစေခဲ့သည်။

ထို့နောက် မယ်မြန်မာ နောက်ဆုံးအဆင့်ပြိုင်ပွဲကိုကျင်းပရာ ကိုယ်ဟန်လှပပြေပြစ်မှုအတွက် သတ်မှတ်ပုံစံ၊ စိတ်ကြိုက်ပုံစံများဖြင့် တစ်ဦးချင်းအပြင် အဖွဲ့လိုက်ပါ ယှဉ်ပြိုင်သရုပ်ပြသစေခဲ့သည်။

မောင်မြန်မာ

ဆက်လက်၍ နောက်ဆုံးအစီအစဉ်အဖြစ် မောင်မြန်မာ(အကြီးတန်း)ပြိုင်ပွဲကို ကျင်းပသည်။ မောင်မြန်မာပြိုင်ပွဲဝင်များအား စင်ပေါ်တန်းစီကာ ဝဲယာတစ်ပတ် လျှောက်ပြစေသည်။ ထို့နောက် အုပ်စုလိုက် သတ်မှတ်ကိုယ်ဟန် ခုနစ်မျိုးကို ပြသစေသည့်အပြင် တစ်ဦးချင်း မိမိတို့နှစ်သက်ရာ တေးဂီတနှင့် စက္ကန့် ၉၀ စိတ်ကြိုက် ကိုယ်ဟန်ပြသကြရသည်။

ဆွတ်ခူး

မောင်မြန်မာ(အကြီးတန်း) ဗိုလ်လုပွဲ၌ ဆန်ခါတင်ပြိုင်ပွဲဝင် မောင်ရှစ်ဦးအနက် ခြောက်ဦးကို ဆုရွေးချယ်ခဲ့သည်။ မောင်မြန်မာ(အကြီးတန်း)ပြိုင်ပွဲ၌ ပထမဆုကို အောင်ဆွေနိုင်၊ ဒုတိယဆုကို အောင်ခိုင်ဝင်းနှင့် တတိယဆုကို ခိုင်လင်းတို့က နှာတစ်ဖျားစီကပ်၍ အသီးသီး ဆွတ်ခူးရရှိကြသည်။ မောင်မြန်မာ(အငယ်တန်း)ပြိုင်ပွဲဆုများကို ကြေညာရာ ပထမဆုကို ပရိသတ်အများစု အားပေးမှုခံရသည့် မင်းဇော်ကလည်းကောင်း၊ ဒုတိယဆုကို ထွန်းဝင်းနိုင်နှင့် တတိယဆုကို မောင်မောင်ကြည်တို့က ဆွတ်ခူးရရှိခဲ့သည်။

ဆက်လက်၍ မယ်မြန်မာပြိုင်ပွဲ ဆုရရှိသူများစာရင်းကိုကြေညာရာ ပရိသတ်များမျှော်လင့်ထားသည့်အတိုင်း ဆွေဇင်ဖြိုးက ပထမဆု ဆွတ်ခူးရရှိသွားပြီး ဒုတိယဆုကို ဝတ်ရည်ဖြိုးနှင့် တတိယဆုကို ငုဝါခိုင်တို့က အသီးသီးဆွတ်ခူးရရှိသွားကြသည်။

မောင်မြန်မာ(အကြီးတန်း)၌ စတုတ္ထ ထွန်းမင်း၊ ပဉ္စမ ကျော်စန်းမောင်နှင့် ဆဋ္ဌမ သန့်နိုင်တို့က လည်းကောင်း၊ မောင်မြန်မာ(အငယ်တန်း)၌ စတုတ္ထ ဝင်းလွင်၊ ပဉ္စမ ပြည့်စုံနှင့် ဆဋ္ဌမ နိုင်ဝေဝင်း တို့ကလည်းကောင်း အသီးသီးရရှိသွားကြသည်။ မယ်မြန်မာပြိုင်ပွဲ၌မူ စတုတ္ထ ခင်သက်မွန်ဝင်း၊ ပဉ္စမ ဟေမာစိုးဝင်း၊ ဆဋ္ဌမ ထက်မိုးမြတ်ဦး၊ သတ္တမ ဝင်းလဲ့ဖွေးနှင့် အဋ္ဌမ အိမွန်ထွေးတို့က အသီးသီးရရှိကြသည်။

မောင်မြန်မာ(အကြီးတန်း) ပထမဆုရှင် ကိုအောင်ဆွေနိုင်အား တွေ့ဆုံမေးမြန်းခဲ့ရာတွင် "ကျွန်တော့်အသက်က ၃၃နှစ်ရှိပါပြီ။ ရန်ကုန်မြို့ မြောက်ဥက္ကလာပ ဇာတိပါ။ လက်ရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (ဆက်ဆံ/ပြန်ကြား)ဌာနက ဝန်ထမ်းတစ်ဦးပါ။ ရရှိခဲ့ဖူးတဲ့ ဆုကြီးတွေကတော့ ၂၀၀၇ခုနှစ် ထိုင်းနိုင်ငံမှာကျင်းပတဲ့ အရှေ့တောင်အာရှ ကာယဗလတံခွန်စိုက်ပြိုင်ပွဲမှာ တတိယ၊ ၂၀၀၈ခုနှစ် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းမှာပြုလုပ်တဲ့ Asian Beach Games ပြိုင်ပွဲကြီးမှာ ပဉ္စမ၊ ၂၀၀၉ခုနှစ် မောင်မြန်မာပြိုင်ပွဲမှာ တတိယ၊ ၂၀၀၉ ခုနှစ် ထိုင်းနိုင်ငံမှာကျင်းပတဲ့ အရှေ့တောင်အာရှ ကာယဗလ တံခွန်စိုက်ပြိုင်ပွဲမှာ တတိယနဲ့ ၂၀၀၉ခုနှစ် ထိုင်းနိုင်ငံမှာပဲ တစ်ဆက်တည်းကျင်းပတဲ့ Asian Body Building Championship ပြိုင်ပွဲမှာ ဆဋ္ဌမ ရခဲ့ပါတယ်။ ၂၀၀၉ခုနှစ်မှာ ကျင်းပတဲ့ အကြီးတန်းအိုလံပစ်မောင်ပြိုင်ပွဲ (Mr. Crucher)ပြိုင်ပွဲမှာ ဒုတိယဆု ဆွတ်ခူးရရှိခဲ့ပါတယ်။ စတင်ဝင်ရောက်ယှဉ်ပြိုင်တဲ့ ၁၉၉၇ခုနှစ်မှစပြီး ပြည်တွင်းပြည်ပဆုကြီးပေါင်း ၃၀ကျော် ရရှိခဲ့ပြီးဖြစ်ပါတယ်"ဟု ဝမ်းသာအားရ ပြောပြသည်။

မောင်မြန်မာအောင်ဆွေနိုင်၏ အရပ်အမြင့်မှာ ၅ပေ ၉လက်မရှိပြီး ခန္ဓာကိုယ်အလေးချိန်အနေနဲ့ လွန်ခဲ့သော သုံးလခန့်က ၉၆ ကီလိုခန့်အထိ အလေးချိန်တင်၍ စနစ်တကျလေ့ကျင့်ကာ ပြိုင်ပွဲရက်၌ ကိုယ်အလေးချိန်ကို စဉ်ဒသမ ၅ကီလိုခန့်ရအောင် ပြုလုပ်ခဲ့ကြောင်း သိရသည်။ ဝါသနာနှင့် အနာဂတ်အစီအစဉ်ကို မေးမြန်းရာ "ဝါသနာကတော့ခြင်းလုံးခတ်ခြင်းနဲ့ ကာယဗလ လေ့ကျင့်လိုက်စားခြင်းဖြစ်ပါတယ်။ ပြိုင်ပွဲနီးချိန် ကိုယ်အလေးချိန်လျှော့ကျစေဖို့အတွက် အပြေးလေ့ကျင့်ခြင်းအစား ခြင်းလုံးခတ်ခြင်းဖြင့် ကိုယ်အလေးချိန် လျှော့ချခဲ့ပါတယ်။ အနာဂတ်အစီအစဉ်ကတော့ ၂၀၁၁ ခုနှစ် အင်ဒိုနီးရှားနိုင်ငံမှာကျင်းပမယ့် အရှေ့တောင်အာရှ SEA Games ပြိုင်ပွဲနဲ့ ၂၀၁၃ ခုနှစ် မြန်မာနိုင်ငံမှာကျင်းပဖို့ရှိတဲ့ အရှေ့တောင်အာရှ SEA Games ပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့ အစီအစဉ်ရှိပါတယ်"ဟုဆိုသည်။

ခံစားချက်

၂၀၁၀မောင်မြန်မာ ပထမဆုရရှိသည့်အတွက် ခံစားချက်ကို မေးမြန်းရာ "မောင်မြန်မာပထမဆုကြီးကိုရရှိဖို့ လွန်ခဲ့တဲ့ ၁၀နှစ်ကျော်ကတည်းက ကြိုးစားနေခဲ့တာပါ။ ဒီနေ့တော့ ကျွန်တော့်ရဲ့ဆန္ဒပြည့်ပါပြီ။ ကျွန်တော့်ရဲ့ ဆရာရင်း ကွယ်လွန်သူ ကျောက်ဘီလူး ဦးတင်မောင်ဆွေနဲ့တကွ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအားလုံးရဲ့ ကျေးဇူးတရားကို ဒီနေရာကနေ ဂါရဝပြုပါတယ်"ဟု ပြောကြားခဲ့သည်။

မယ်မြန်မာ

မယ်မြန်မာ ပထမဆုရှင် ဆွေဇင်ဖြိုးအား စာရေးသူသွားရောက်တွေ့ဆုံ မေးမြန်းရာတွင်မူ "ညီမက မွန်ပြည်နယ် မော်လမြိုင်မြို့ ဇာတိပါ။ ရရှိခဲ့တဲ့ ဆုကြီးတွေကတော့ ပြည်နယ်နှင့်တိုင်း ကာယအလှမယ် ၂၀၀၇၊ အိုလံပစ်နေ့အထိမ်းအမှတ် ကာယအလှမယ်အကြီးတန်းပြိုင်ပွဲ၊ Ms. Quench ၂၀၀၉၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) မယ် ၂၀၀၉နဲ့ အခုရရှိတဲ့ မယ်မြန်မာ ၂၀၁၀ ဆုကြီးတွေဖြစ်ပါတယ်" ဟု ရှင်းပြသည်။

မယ်မြန်မာ ဆွေဇင်ဖြိုး၏ အသက်မှာ ၂၄နှစ်ရှိပြီး အရပ်အမြင့်နှင့် ခန္ဓာကိုယ်အတိုင်းအထွာများကို မေးမြန်းရာ အရပ်ငါးပေ ခြောက်လက်မနှင့် ရင် ၃၅၊ ခါး ၂၄၊ တင် ၃၇လက်မရှိကြောင်း သိရသည်။ သူမ၏ ပညာအရည်အချင်းနှင့် ဝါသနာကို မေးမြန်းရာ "ညီမက B.Sc (Maths)နှင့် ဘွဲ့ရပြီးပါပြီ။ ဝါသနာကတော့ စာဖတ်တာ၊ သီချင်းနားထောင်တာနဲ့ ကိုယ်ကာယအားကစား လေ့ကျင့်တာတွေပါပဲ။ တစ်ကိုယ်ရေ ကျန်းမာကြံ့ခိုင်မှုရှိစေဖို့ မော်လမြိုင်မြို့က Game City Fitness Centre မှာ ညနေ ၄နာရီမှ ၆နာရီအထိ နေ့စဉ် မပျက်မကွက် ကာယအလှလေ့ကျင့်ခန်းတွေလုပ်ပါတယ်။ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတွေရဲ့ ကျေးဇူးတရားကို ဒီနေရာကနေ ဂါရဝပြုပါတယ်လို့ ကိုကျော်ကျော်ရဲ့ ဆောင်းပါးကတစ်ဆင့် ရေးပေးစေချင်ပါတယ်"ဟု ဆရာသမားများ၏ ကျေးဇူးတရားကိုပါ ထုတ်ဖော်ပြောကြားလာသည်။

မယ်မြန်မာ ဆွေဇင်ဖြိုးအား လူငယ်လူရွယ် မိန်းကလေးများအပေါ် အကြံပြုချက်ကို မေးမြန်းရာ "မိန်းကလေး တစ်ယောက်အနေနဲ့ အလှအပဟာ အရေးကြီးပါတယ်။ အလှအပဆိုရာမှာလည်း ရုပ်ရည်အလှအပသာမက စိတ်ထားလှပဖို့ အရေးကြီးပါတယ်။ အဲဒီလို မိန်းကလေးမျိုးမှသာ တန်ဖိုးရှိမှာ ဖြစ်ပါတယ်။ ကာယအလှ အားကစားပြုလုပ်ခြင်းကတော့ ခန္ဓာကိုယ်အလှအပ အတွက်သာမက အသွားအလာ၊ အနေအထိုင်မှစ၍ ဆင်ခြင်ရတဲ့အပြင် လေ့ကျင့်ကစားရာမှာလည်း အာရုံစုစည်းမှုပါ ပြုလုပ်ရတဲ့အတွက် စိတ်ဓာတ်တည်ငြိမ်မှုနဲ့ ကျန်းမာကြံ့ခိုင်မှုအတွက် များစွာအထောက်အကူဖြစ်စေပါတယ်။ ဒါကြောင့် လူငယ်တွေအနေနဲ့ မိမိတို့ဝါသနာပါရာ ကိုယ်လက်လှုပ်ရှား အားကစားတစ်ခုခုကို အမြဲလေ့ကျင့်လိုက်စားသင့်ပါတယ်လို့ အကြံပြုချင်ပါတယ်ရှင်"ဟု ဖြေကြားသွားခဲ့ပါကြောင်း။ ။

(မြန်မာ့အလင်း)

ရန်ကုန် ပြည်သူ့ဆေးရုံကြီးတွင် ငွေကျပ် ၁၂ သိန်းတန်ဖိုးရှိ Oxylone (Oxymetholone 50 mg) 1500 Tablet များကိုလည်းကောင်း၊ မြောက်ဥက္ကလာပ အထွေထွေဆေးရုံကြီးတွင် ငွေကျပ် ငါးသိန်းခြောက်သောင်းတန်ဖိုးရှိ Oxylone (Oxymetholone 50 mg) 700 Tablet နှင့် ရန်ကုန်ကလေးဆေးရုံကြီးတွင် ငွေကျပ် ငါးသိန်းခြောက်သောင်းတန်ဖိုးရှိ Oxylone (Oxymetholone 50 mg) 700 Tablet တို့ကိုလည်းကောင်း စုစုပေါင်းငွေကျပ် နှစ်ဆယ့်သုံးသိန်းနှစ်သောင်းတန်ဖိုးရှိ ဆေးများကို Wut Hmone Trading Co., Ltd. မှ လှူဒါန်းရာ M.D ဒေါ်ခင်ဇာငြိမ်းက ရန်ကုန်အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်နုနုသာထံ Oxylone ဆေးဝါးများ ပေးအပ်လှူဒါန်းစဉ်။

(မြန်မာ့အလင်း)

စိမ်းလဲ့ရွှေပြည်သတင်းဂျာနယ် အတွဲ(၇)၊ အမှတ်(၆)ထွက်ပြီ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ယခုအပတ်ထုတ် ဂျာနယ်တွင် ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်အတွင်း ရန်ကုန်မြို့တွင်း စုစုပေါင်းလမ်းအရှည် ပေသုံးသိန်းကျော် ခင်းကျင်းနိုင်ခဲ့၊ မုံရွာခရိုင် ပုလဲမြို့နယ် ကျေးရွာစာကြည့်တိုက်များသို့ ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း သွားရောက်စစ်ဆေး၍ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှုများကို အားပေး၊ နေပြည်တော်ခရိုင်အတွင်း တောင်ပေါ်တိုင်းရင်းသားရွာ ၂၃ရွာနှင့် ရပ်ကွက်ကျေးရွာ ၁၉၉ခုတို့၌ ရေအားလျှပ်စစ်၊ ရေတွင်းရေကန်များ တူးဖော်တည်ဆောက်ပေးနိုင်ခဲ့၊ တာမွေမြို့နယ်၌ ပြည်သူ ၁၀၀၀ခန့် အခမဲ့မျက်စိစမ်းသပ်၍ ပါဝါမျက်မှန်ပေးအပ်၊ ပုသိမ်သူ အမှတ်(၅) ရုပ်ပြေးရေယာဉ် ရန်ကုန်-ကျိုက်လတ် နေ့စဉ်ပြေးဆွဲ၊ စားသုံးဆီဖူလုံဖို့ ဆီမုန်လာကိုစိုက်ကြစို့၊ ကျေးလက်သတင်း ကျေးလက်အခင်း၊ ရောဂါဝေဒနာ ခေတ်အဆက်ဆက် မူးယစ်ဆေးဝါးကာကွယ်မှုဆောင်ရွက်ချက်များ၊ သီးနှံပင်နှင့် သဘာဝဝန်းကျင် စသည့် သတင်းဆောင်းပါးများ ပြည်တွင်းသတင်းများ စုံလင်စွာပါရှိလျက် စိမ်းလဲ့ရွှေပြည်သတင်းဂျာနယ် အတွဲ(၇)၊ အမှတ်(၆)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

ဆက်သွယ်နိုင်

ဂျာနယ်ဝယ်ယူရရှိနိုင်သော နေရာများမှာ ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင်၊ ဝါမိုးအောင်စာပေနှင့် ဗိုလ်တထောင်မြို့နယ် ဂျူကာစာပေနှင့် ၄၆လမ်း အရောင်းဆိုင်များ၊ တာမွေကျောက်မြောင်း သီတာလမ်း ဂျာနယ်ဥယျာဉ်ဆိုင်တို့တွင် ဝယ်ယူရရှိနိုင်ပြီး အနယ်နယ်အရပ်ရပ်မှ သတင်းပေးပို့လိုသူများနှင့် ဆက်သွယ်မှာယူလိုသူများအနေဖြင့် စာတည်းမှူးချုပ်၊ စိမ်းလဲ့ရွှေပြည်သတင်းဂျာနယ် အမှတ်(၈) ပန်းခြံတာဝါ ဒုတိယထပ် ဓမ္မစေတီလမ်းနှင့် ဗားကရာလမ်းထောင့် စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၃၈၃၀၂သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း သင်တန်းအပတ်စဉ်(၁/၂၀၁၀) သင်တန်းဆင်း

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းရှိ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း၏ သင်တန်းအပတ်စဉ် (၁/၂၀၁၀)သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၁၉ရက် နံနက် ၁၀နာရီက အဆိုပါကျောင်းခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဇော်မိုး တက်ရောက်အမှာစကား ပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ဌာနငယ်တာဝန်ခံ ကျောင်းအုပ်များ၊ အိမ်တွင်းမှုကျောင်းမှ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။ သင်တန်းဆင်းပွဲတွင် ရန်ကုန်တိုင်း လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဦးစီးမှူးနှင့် ကျောင်းအုပ်၊ ဌာနငယ်တာဝန်ခံများက သင်တန်းအောင်လက်မှတ်များ ချီးမြှင့်ကြသည်။

ပြန်လည်ဖွင့်လှစ်

သင်တန်းအပတ်စဉ် (၂/၂၀၁၀)ကို ဖေဖော်ဝါရီ ၂၂ရက် **(ယနေ့)**တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ ဇာထိုးပန်းထိုး၊ ဘော်လီ/ဘရာစီယာ၊ ဘောင်းဘီ၊ ကုတ်အင်္ကျီ၊ စင်တီမီတာ (စက်ချုပ်)၊ မုန့်မျိုးစုံ၊ မြန်မာအစား စက်ထိုး၊ ပန်းပွင့် ပန်းခိုင်ပြုလုပ်နည်း အစာ၊ တရုတ်အစားအစာ၊ သီးယို/ဆီစိမ်၊ စက်ကလေးပန်းထိုး၊ စက်ကြီးပန်းထိုး၊ သိုးမွေး သင်တန်းများ ဖွင့်လှစ်မည်ဖြစ်သည်။

(မြန်မာ့အလင်း)

ရန်ကုန်တိုင်း လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဇော်မိုးက အပတ်စဉ် (၁/၂၀၁၀)သင်တန်းဆင်း အောင်လက်မှတ် ချီးမြှင့်စဉ်။

(မြန်မာ့အလင်း)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

လူအခင်းအကျင်းအားနည်းမှုရှိခဲ့ အများအယွင်းနည်းပြီး နိုင်ပွဲရဖို့လိုအပ်

ဖာဂူဆန်

အန်ဆယ်လော့တီ

မောင်မောင်မြင့်ဆွေ-စုစည်းရေးသား၍ လှိုင်လှိုင်သင်း (မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် ဖေဖော်ဝါရီ ၂၁

ပရီမီယာလိဂ် ပွဲစဉ်(၂၆)ကို ဖေဖော်ဝါရီ ၂၀ရက်က ယှဉ်ပြိုင်ကစားသည့်အခါ မန်ယူအသင်းမှလွဲပြီး အသင်းကြီးများ နိုင်ပွဲကိုယ်စီ ရရှိခဲ့ကြသည်။ ထို့ကြောင့် ပွဲအပြီး နည်းပြတို့၏ ပြောစကားများကို ဖော်ပြရပါလျှင်-

ဖာဂူဆန် (မန်ယူ)

"မမျှော်လင့်ထားတဲ့ ရလဒ်ပါပဲ။ ဒီပွဲရလဒ်ဟာ ကျွန်တော်တို့ရဲ့ ပရီမီယာလိဂ်ဖလား ကာကွယ်ရေး မျှော်လင့်ချက်ကို ယိမ်းယိုင်သွားစေတာတော့ မဟုတ်ပါဘူး။ ကျွန်တော့် ကစားသမားတွေ အကောင်းဆုံး ကစားသွားကြတာပါ။ ဒါပေမယ့် ဒီပွဲမှာ ယှဉ်ပြိုင်သွားတဲ့ အဲဗာတန် ကစားသမားတွေရဲ့ ကြိုးစားအားထုတ်မှုက ချီးကျူးစရာပါ။ ဒီပွဲမှာ အခွင့်အရေးကောင်းအချို့ ဆုံးရှုံးခဲ့ရတာလည်းပါတယ်။ တကယ်ဆိုရင် ကျွန်တော်တို့ အမှတ်ပြည့်ရအောင် ကစားသင့်တဲ့ ပွဲပါပဲ။ ဒီပွဲမှာ ကျွန်တော့်ရဲ့ လူအခင်းအကျင်းနဲ့အနုတ်အသိမ်း အားနည်းမှုရှိခဲ့တာကို ဝန်ခံပါတယ်။ ဒီပွဲအပြီးမှာ ကျွန်တော့်အတွက် သင်ခန်းစာကောင်းတွေ ရရှိစေခဲ့ပါတယ်"ဟု အဲဗာတန်ကွင်း၌ သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးခဲ့သည့် မန်ယူနည်းပြ ဖာဂူဆန်က ပွဲအပြီး ဖွင့်ဟသွားခဲ့သည်။

အဲဗာတန်နည်းပြ ဒေးဗစ်မိုယက်စ်

"မန်ယူအသင်းကို အခုလို ရလဒ်နဲ့ အနိုင်ယူနိုင်ခဲ့တယ်ဆိုတာ တကယ့်ကို ဂုဏ်ယူစရာပါပဲ။ ပရီမီယာလိဂ်ထိပ်တန်း အသင်းတွေကို အဲဗာတန်အနေနဲ့ အနိုင်ယူနိုင်တဲ့ ခြေစွမ်းရှိတယ်ဆိုတာ လက်တွေ့ပြသနိုင်ခဲ့ပြီဖြစ်ပါတယ်။ တကယ်ဆိုရင် ကျွန်တော့်အသင်းမှာ အားနည်းချက်တွေ ရှိနေပေမယ့် ကစားသမားတွေက စိတ်ဓာတ်ကောင်းကောင်းနဲ့ ယှဉ်ပြိုင်သွားကြတယ်။ အမှန်အတိုင်းဝန်ခံရရင် ကြိုးစားမှုရဲ့ ရလဒ်ဖြစ်ပါတယ်။ မန်ယူဟာ အသင်းကောင်းဖြစ်

ပြီး ဒီနှစ်မှာလည်း ပရီမီယာလိဂ်ဖလားကို ကာကွယ်နိုင်တဲ့ခြေစွမ်းမျိုး ပိုင်ဆိုင်ထားဆဲပါပဲ။ အခု အနိုင်ပွဲရတာကလည်း မန်ယူရဲ့ အမှားအယွင်းအချို့ကို ကျွန်တော့် ကစားသမားတွေ ကောင်းကောင်း အသုံးချနိုင်လို့ ဖြစ်ပါတယ်"ဟု မန်ယူအား အိမ်ကွင်း၌ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် အဲဗာတန် နည်းပြ ဒေးဗစ်မိုယက်စ်က ပွဲအပြီး ထုတ်ဖော်ပြောကြားခဲ့သည်။

ချယ်လ်ဆီးနည်းပြအန်ဆယ်လော့တီ

"ပရီမီယာလိဂ် ဖလားရယူဖို့အတွက် ကျွန်တော်တို့ ပွဲတိုင်းရလဒ်ကောင်းမှ ဖြစ်မှာ

ပါ။ ဒါကြောင့် ပွဲတိုင်း အနိုင်ရဖို့ ကျွန်တော်တို့ ကြိုးစားနေကြတာဖြစ်ပါတယ်။ ဝုဗ်အသင်းကို မကစားခင်ကတည်းက အနိုင်ရအောင် ကစားရမယ်လို့ ကျွန်တော့်ကစားသမားတွေကို အကြိမ်ကြိမ် သတိပေးစကားဆိုခဲ့ပါတယ်။ အောင်မြင်မှုရဖို့ဆိုတာ အမှားအယွင်းနည်းပြီး နိုင်ပွဲတွေ ဆက်တိုက်ရရှိနေဖို့ လိုအပ်ပါတယ်။ အခုအချိန်ကစပြီး တန်းစီဇယားကို စိုးမိုးထားဖို့ လိုအပ်နေပြီဖြစ်တာမို့ နောက်ပွဲတွေမှာလည်း ရလဒ်ကောင်းအောင် ကြိုးစားယှဉ်ပြိုင်သွားရမှာဖြစ်ပါတယ်"ဟု ဝုဗ်အသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့် ချယ်လ်ဆီးနည်းပြ အန်ဆယ်လော့တီက ပွဲအပြီးဖွင့်ဟခဲ့သည်။ ချယ်လ်ဆီးသည် လက်ရှိအခြေအနေ၌ ၂၆ပွဲကစားအပြီး တန်းစီဇယားထိပ်၌ ဆက်လက်ရပ်တည်ကာ ဒုတိယနေရာမှ မန်ယူနှင့် ပွဲတူလေးမှတ်ကွာနေသည်။

အာဆင်နယ်နည်းပြ အာစင်ဝင်းဂါး

"ဒီပွဲအနိုင်ရရှိတာဟာ ကျွန်တော်တို့အနေနဲ့ ဒီနှစ် ပရီမီယာလိဂ်ဖလားရယူရေး မျှော်လင့်ချက် ရှင်သန်စေခဲ့တာပါပဲ။ အခုဆိုရင် တန်းစီဇယားထိပ်ဆုံးက ချယ်လ်ဆီးနဲ့ ပွဲတူ ခြောက်မှတ်ကွာတဲ့ အနေအထားရောက်ရှိလာပါတယ်။ အများက ထင်မြင်ယူဆနေကြသလို အာဆင်နယ်အသင်းဟာ ဖလား မျှော်လင့်ချက်မရှိတဲ့ အသင်းမျိုး မဟုတ်ဘူးဆိုတာ လက်တွေ့ရလဒ်တွေနဲ့ ပြသသွားမှာပါ။ အာဆင်နယ်အသင်းဟာ ပြိုင်ဘက်တိုင်းကို အနိုင်ယူနိုင်စွမ်းရှိတဲ့

ခြေစွမ်းမျိုးရှိနေပါတယ်။ ပရိသတ်တွေရဲ့ မျှော်လင့်ချက် ပိုမိုခိုင်မာအောင် ကြိုးစားသွားမှာပါ"ဟု ဆန်းဒါးလန်းကိုအိမ်ကွင်း၌ နှစ်ဂိုးပြတ် အနိုင်ယူခဲ့သည့် အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးက ပွဲအပြီး ပြောကြားခဲ့သည်။ **ကိုးကား-အင်တာနက်**

မမ်ဖစ်ဆယ်လူလာဆော့ဖလား ရုရှားတင်းနစ်မယ် ရှာရာပိုဗာဆွတ်ခူး

တင်နက်ဆီ ဖေဖော်ဝါရီ ၂၁

အမေရိကန်နိုင်ငံ တင်နက်ဆီပြည်နယ် မမ်ဖစ်၌ ကျင်းပသော ဆယ်လူလာဆော့ဖလားတင်းနစ်ပြိုင်ပွဲ၌ ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ်ဟောင်း မာရီယာရှာရာပိုဗာသည် ဆွီဒင်တင်းနစ်မယ် ဆိုဖီယာ အာဗစ်ဆင်အားအနိုင်ရပြီး ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့သည်။ အသက်(၂၂)နှစ်ရှိ ရုရှားတင်းနစ်မယ် ရှာရာပိုဗာသည် ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ ပထမအကျော့မှ ထွက်ခဲ့ရပြီးနောက် ယင်းဖလားမှာ ပထမဆုံး ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ သူမသည် ဖလားဆွတ်ခူးနိုင်ခဲ့ခြင်းကြောင့် လက်ရှိ ကမ္ဘာ့အဆင့် ၁၆မှ ၁၃အထိ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။

(အင်တာနက်)

မီတာ၁၅၀၀ စကိတ်ပြိုင်ပွဲ တရုတ်ဆယ်ကျော်သက် ဗိုလ်စွဲ

ဗန်ကူဗား ဖေဖော်ဝါရီ ၂၁

ကနေဒါနိုင်ငံ ဗန်ကူဗားမြို့၌ ဆောင်းရာသီ အိုလံပစ်အားကစားပြိုင်ပွဲ ကျင်းပလျက်ရှိရာ တရုတ်ဆယ်ကျော်သက် စကိတ်စီးချန်ပီယံ ကျိုယန်သည် အမျိုးသမီးမီတာ ၁၅၀၀ စကိတ်စီးပြိုင်ပွဲတွင် ရွှေတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။

အသက်(၁၈)နှစ်ရှိ ကျိုယန်သည် ယင်းပြိုင်ပွဲတွင်၂မိနစ်နှင့် ၂၁ဒသမ၉၉ စက္ကန့်ဖြင့် ပန်းဝင်ဗိုလ်စွဲခဲ့သည်။ တောင်ကိုရီးယားမှ လီအန်ဘိုင်းလ်က နှစ်စက္ကန့် နောက်ကျပြီး ပန်းဝင်ခဲ့သဖြင့် ငွေတံဆိပ်ဖြင့်သာ ကျေနပ်ခဲ့ရပြီး တစ်နိုင်ငံတည်းသူ ပယ်ဆန်ဟီက ကြေးတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။

(အင်တာနက်)

ပေါစခိုးလ်အား ထပ်မံစာချုပ်ရေး နည်းပြဖာဂူဆန် မျှော်လင့်

လန်ဒန် ဖေဖော်ဝါရီ ၂၁

ပေါစခိုးလ်သည် မန်ယူနှင့် စာချုပ်သစ် ထပ်မံချုပ်ဆိုခြင်းဖြင့် ဘောလုံးလောကမှ အနားယူရန် မေ့ပစ်နိုင်လိမ့်မည်ဖြစ်ကြောင်း နည်းပြဖာဂူဆန်က ပြောသည်။

အနားယူ

ပေါစခိုးလ်သည် လာမည့် ဇွန်လတွင် မန်ယူနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ရာ ယခုနှစ်ဘောလုံးရာသီ ကုန်ဆုံးလျှင် အနားယူဖွယ်ရှိကြောင်း ပြီးခဲ့သည့် မေလအတွင်း၌ ၎င်းက ပြောကြားခဲ့သည်။

သို့သော်လည်း မန်ယူနှင့် အေစီမီလန်တို့ ကစားခဲ့သည့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ချေပဂိုးသွင်းယူပေးခဲ့သော ပေါစခိုးလ်အား မန်ယူနှင့် ထပ်မံစာချုပ်သင့်ကြောင်း နည်းပြဖာဂူဆန်က တိုက်တွန်းလိုက်သည်။ ၎င်းသည် မန်ယူအတွက် ပရီမီယာလိဂ်ဖလား ကိုးလုံးနှင့် ချန်ပီယံလိဂ်ဖလား နှစ်လုံး (၁၉၉၉၊ ၂၀၀၈) ဆွတ်ခူးရာ၌ အဓိက စွမ်းဆောင်ပေးနိုင်ခဲ့သည်။

(အင်တာနက်)

ဗီးနပ်စ်ဝီလျံ အအောင်မြင်ဆုံးတင်းနစ်မယ်ဖြစ်လာ

ဒူဘိုင်း ဖေဖော်ဝါရီ ၂၁

အမေရိကန် တင်းနစ်အားကစားမယ် ဗီးနပ်စ်ဝီလျံသည် ဖေဖော်ဝါရီ ၂၀ရက်က ဒူဘိုင်းအိုးပင်း တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့ပြီးနောက် ဒဗလျူဘီအေပြိုင်ပွဲ အမျိုးသမီးတင်းနစ်လောက၌ အအောင်မြင်ဆုံးသူ ဖြစ်လာသည်။

အနိုင်ရ

ဗီးနပ်စ်ဝီလျံသည် ယင်းဒူဘိုင်းအိုးပင်း တင်းနစ်ပြိုင်ပွဲတွင် ဗစ်တိုးရီးယား အဇာရင်ကာအား ၆-၃၊ ၇-၅ ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ယင်းဖလားမှာ ဗီးနပ်စ်ဝီလျံ၏ ၄၂လုံးမြောက်ဖလားဖြစ်ပြီး ၎င်း၏ တင်းနစ်ကစားသမား သက်တမ်းတစ်လျှောက် ဆုကြေး

ငွေ အမေရိကန်ဒေါ်လာ ၂၅သန်း စုဆောင်းနိုင်ခဲ့သည်။ (အင်တာနက်)

မြင့်မောင်စိုး - စုစည်းသည်

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင်-စုစည်းသည်

ဂျရတ်နှင့် တောရက်စ်အား မန်စီးတီးခေါ်ယူလို

မန်စီးတီးအသင်းသည် လာမည့်နွေရာသီတွင် လီဗာပူး ကွင်းလယ်ကစားသမား စတီဖင်ဂျရတ်နှင့် တိုက်စစ်မှူးဖာနန်ဒိုတောရက်စ်တို့အား ပြောင်းရွှေ့ကြေး ပေါင်သန်း ၁၄၀ သုံးစွဲခေါ်ယူရန် စီစဉ်နေကြောင်း နယူးစ်အော့ဖ်သည်ဝေါလ်၌ ဖော်ပြသည်။

ဒေးဗစ်ဗီလာ ချယ်လ်ဆီးသို့ ထွက်ခွာရန် ပြင်နေ

စပိန်နှင့် ဗလင်စီယာတိုက်စစ်မှူး ဒေးဗစ်ဗီလာသည် လာမည့်နွေရာသီတွင် ဗလင်စီယာမှ ချယ်လ်ဆီးသို့ ထွက်ခွာရန် အသင့်ရှိနေကြောင်း၊ ရီးရဲမက်ဒရစ်အသင်းကလည်း ပြင်သစ်တိုက်စစ်မှူး ဘင်ဇီမာနှင့် တွဲဖက်ကစားစေရန်အတွက် ခေါ်ယူရန်ပြင်ဆင်နေကြောင်း နယူးစ်အော့ဖ်သည်ဝေါလ်၌ ဖော်ပြသည်။

စပို့တင်းလစ္စဘွန်းမှ ဗီလိုဆိုအား မန်ယူခေါ်ယူရန် အကဲခတ်

မန်ယူအသင်းသည် စပို့တင်းလစ္စဘွန်းမှ ပေါင် ၁၀သန်းတန် ကွင်းလယ်ကစားသမား မီဂူယယ်ဗီလိုဆိုအား ခေါ်ယူရန် စီစဉ်နေကြောင်း၊ ခံစစ်လည်း ကစားနိုင်သည့် အသက်(၂၃)နှစ်ရှိ စွယ်စုံရ ကစားသမားဗီလိုဆိုအား ဖေဖော်ဝါရီ ၁၆ရက်၌ စပို့တင်းလစ္စဘွန်းက အဲဗာတန်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော ယူရိုပါလိဂ်ပွဲစဉ်တွင် မန်ယူကင်းထောက်များက လေ့လာအကဲခတ်ခဲ့ပြီးဖြစ်ကြောင်း ဆန်းဒေးမေးလ်၌ ဖော်ပြသည်။

တိုက်စစ်မှူး အွန်နရီ ဘာကာမှ ထွက်ခွာဖွယ်ရှိ

ဘာစီလိုနာမှ ပြင်သစ်တိုက်စစ်မှူး အွန်နရီသည် ယခုဘောလုံးရာသီတွင် ၁၃ပွဲသာ ပွဲထွက် ကစားခွင့်ရသည့်အနက် နှစ်ပွဲသာ ပွဲချိန်ပြည့် ကစားရသည့်အတွက် အသင်းမှထွက်ခွာဖွယ်ရှိကြောင်း ဆန်းဒေးမေးလ်၌ ဖော်ပြသည်။

တိုက်စစ်မှူး မာရီယာအား ချယ်လ်ဆီးခေါ်ယူရေး နီးစပ်

ချယ်လ်ဆီးအသင်းသည် ဘင်ဖီကာအသင်းမှ အသက်(၂၂)နှစ်အရွယ်ရှိ ပြောင်းရွှေ့ကြေးမြင့် တိုက်စစ်မှူး အိန်ဂျယ်ဒီမာရီယာအား ပြောင်းရွှေ့ကြေး ပေါင် ၃၆သန်းဖြင့် စာချုပ်ခေါ်ယူရေး နီးစပ်လာပြီဖြစ်ကြောင်း နယူးစ်အော့ဖ်သည်ဝေါလ်၌ ဖော်ပြသည်။

ဂါးလက်စ်အား ထပ်မံစာချုပ်ရန် အာဆင်နယ်ကမ်းလှမ်း

အာဆင်နယ်အသင်းသည် ခံစစ်မှူး ဝီလျံဂါးလက်စ်အား နှစ်နှစ် ထပ်မံစာချုပ်ရန် ကမ်းလှမ်းခြင်းဖြင့် (၃၂)နှစ်ကျော် ကစားသမားများအား တစ်နှစ်သာ ထပ်မံစာချုပ်သည့် အာဆင်နယ်အသင်း၏ ကစားသမားစာချုပ်မူ အစဉ်အလာကို ဖျက်ရန် စဉ်းစားနေကြောင်း အိုင်အမ်စ်ကောက်တီးကွမ်၌ ဖော်ပြသည်။

ထိပ်သီးလေးသင်းအဆင့် စပါးဝင်နိုင်ဟု ရက်နက်ဆို

စပါးအသင်းသည် ယခုဘောလုံးရာသီတွင် မန်စီးတီး၊ အက်စ်တွန်ဗီလာနှင့် လီဗာပူးအသင်းတို့ကို တွေ့ဖြုတ်ဖြုတ်ကာ ပရီမီယာလိဂ်ထိပ်သီးလေးသင်း စာရင်းဝင် စတုတ္ထနေရာရအောင် စွမ်းဆောင်နိုင်ပြီး ချန်ပီယံလိဂ်နောက်ဆုံး ပြိုင်ပွဲဝင်ခွင့်ကို အလိုက်သင့် ရယူနိုင်သည်ဟု နည်းပြဟာရီရက်နက်က ပြောကြားခဲ့ကြောင်း ဒေးလီးတယ်လီဂရပ်၌ ဖော်ပြသည်။

နာနီ မန်ယူနှင့်စာချုပ်သစ် ထပ်မံချုပ်ဆိုဖွယ်

မကြာသေးမီက မန်ယူအသင်းတွင် ခြေစွမ်းပြကစားကာ မန်ယူပရိသတ်၏ တစ်ခဲနက်အားပေးမှုကို ရရှိခဲ့သော ပေါ်တူဂီတောင်ပံကစားသမားနှင့် မန်ယူကြယ်ပွင့်နာနီသည် မန်ယူအသင်းနှင့် လေးနှစ်သက်တမ်းရှိ စာချုပ်သစ် ထပ်မံချုပ်ဆိုဖွယ်ရှိကြောင်း နယူးစ်အော့ဖ်သည်ဝေါလ်၌ ဖော်ပြသည်။

ရှိုင်ယန်ဂစ်ကဲ့သို့ ခြေစွမ်းပြနိုင်လိုဟု ဂျွန်ဆင်ဖွင့်ဟ

မန်စီးတီးသို့ ပြောင်းရွှေ့ကြေး ပေါင်ခုနစ်သန်းဖြင့် စာချုပ်၍ ပြောင်းရွှေ့ခဲ့သော မန်စီးတီးတောင်ပံကစားသမား အဒမ်ဂျွန်ဆင်က မန်ယူကြယ်ပွင့် ရှိုင်ယန်ဂစ်ကဲ့သို့ ခြေရှည်တူ ခြေစွမ်းပြကစားနိုင်သည့်အဆင့်အထိ ရောက်ရှိလိုသည်ဟု ဖွင့်ဟပြောကြားခဲ့ကြောင်း ဆန်းဒေးတိုင်းမ်စ်၌ ဖော်ပြသည်။

အိုင်ယာလန်လက်ဝှေ့ကျော်ဒွန်နီ အနားယူတော့မည်

အိုင်ယာလန်နိုင်ငံမှ အသက်(၃၀)ရှိ ဒဗလျူဘီအေ စူပါဘင်တန်ဝိတ်ချန်ပီယံဟောင်း ဘားနတ်ဒွန်နီက ၎င်းအနေဖြင့် လက်ဝှေ့လောကမှ အနားယူတော့မည်ဟု ကြေညာခဲ့ကြောင်း အင်တာနက်၌ ဖော်ပြသည်။

ပြေးခုန်ပစ်မယ်မီဒိုး မီတာ ၈၀၀ စံချိန်သစ်တင်

ပြေးခုန်ပစ်မယ် ဂျင်နီမီဒိုးသည် ဗြိတိသျှရုံတွင်း ပြေးခုန်ပစ်ပြိုင်ပွဲတွင် မီတာ ၈၀၀အပြေးပြိုင်ပွဲ၌ ၁ မိနစ် ၅၉ဒသမ ၁၁စက္ကန့်ဖြင့် ပန်းဝင်ခဲ့ပြီး ၂၀၀၃ခုနှစ်က ယင်းပြိုင်ပွဲတွင် ကယ်လီဟိုလ်မက်စ်၏ စံချိန် ၁မိနစ် ၅၉ဒသမ၁၂စက္ကန့်ကို ချိုးကာ စံချိန်သစ်တင်နိုင်ခဲ့ကြောင်း အင်တာနက်၌ ဖော်ပြသည်။

မွေးနေ့ဆုတောင်း

ဒေါက်တာတင်နွယ်(အထူးကုဆရာဝန်ကြီး-ဥပဒေရေးရာဆေးပညာဌာန၊ ဘားအံ ပြည်သူ့ဆေးရုံကြီး)၏ ၂၂-၂-၂၀၁၀ရက် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြီးပြည့်စုံ၍ သာသနာအကျိုးကို ဆတက်ပိုး၍ ထမ်းဆောင်နိုင်ပါစေလို့ ဆုတောင်းမေတ္တာ ပို့သလျက်....။

ချစ်ဇနီး - ဒေါ်အေးမြတ်ကျော်(လက်ထောက်စက်ရုံမှူး-ဆပ်ပြာစက်ရုံ၊ မန္တလေး)

ချစ်သား - မောင်လမင်းအောင်(အထက-၁၆၊ မန္တလေး)

ချစ်သမီး - မမြတ်သီရိနွယ် (အမက-၇၊ မန္တလေး)

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သမီး မဇာခြည်နွယ်(ခ)အငယ်မ ၁၄/ညတန(နိုင်)၁၇၁၃၃၆သည် မိဘဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောအလျောက် ပြုမူသွားပါ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။

ဖခင်-ဦးမြင့်သိန်း
၁၄/ညတန(နိုင်)၀၉၂၂၉၅
ညောင်တုန်းမြို့နယ်
အမှတ်(၈)ရပ်ကွက်၊
သစ္စာလမ်း(နယ်မြေ-၇)။

တင်ဒါခေါ်ယူခြင်း

ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန အမျိုးသားစာကြည့်တိုက်ရှိ စာပေပစ္စည်းများ (စာအုပ်၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း)များအား Digitization လုပ်ငန်း ဆောင်ရွက်ရန်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ လုပ်ငန်းလုပ်ကိုင်ခွင့် အဆိုပြုလွှာများ ရယူလိုပါသဖြင့် ၁၁-၃-၂၀၁၀ရက် ညနေ ၄း၀၀နာရီနောက်ဆုံးထား၍ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာန၊ အမျိုးသားစာကြည့်တိုက်(ရန်ကုန်) အမှတ် ၈၅၊ သီရိမင်္ဂလာရိပ်သာလမ်းသွယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်တွင် တင်ဒါတင်သွင်းနိုင်ပါသည်။

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ ရုံးအမှတ်(၃၅) နေပြည်တော်နှင့် အမျိုးသားစာကြည့်တိုက်(ရန်ကုန်)တို့တွင် တစ်စုံလျှင် ငွေကျပ် ၅၀၀၀နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ဖုန်း-၀၆၇-၄၀၈၀၂၆၊ ၀၆၇-၄၀၈၀၂၉၊ ၀၁-၆၆၃၉၀၂တို့သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။ **တင်ဒါရွေးချယ်ရေးအဖွဲ့။**



ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ အမျိုးသားပြတိုက်တွင် ပြသထားသော နန်းတွင်းသုံး ပရိဘောဂများ၊ အသုံးအဆောင်ပစ္စည်းများ၊ အဝတ်အထည်များနှင့် နန်းတော်ပုံစံငယ်များပြုလုပ်ရန် ချိပ်ပိတ်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။ အသေးစိတ်အချက်အလက်များကို အမျိုးသားပြတိုက် ရန်ကုန်တွင် လာရောက်စုံစမ်းနိုင်ပါသည်။

၂။ ချိပ်ပိတ်တင်ဒါပုံစံများကို အမျိုးသားပြတိုက်၊ ပြည်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ တယ်လီဖုန်းအမှတ်-၃၇၁၅၄၀၊ ၃၇၈၆၅၂တို့၌ တစ်စုံလျှင် ငွေကျပ် ၅၀၀၀ (ကျပ်ငါးထောင်တိတိ)နှုန်းဖြင့် ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

၃။ ချိပ်ပိတ်တင်ဒါများကို ၁၁-၃-၂၀၁၀ရက်(ကြာသပတေးနေ့) ညနေ ၁၆း၀၀နာရီတွင် နောက်ဆုံးထား၍ အမျိုးသားပြတိုက် ချိပ်ပိတ်တင်ဒါပုံး အတွင်း ထည့်သွင်းရန် ဖြစ်ပါသည်။ **တင်ဒါရွေးချယ်ရေးအဖွဲ့။**

စာအုပ်စာပေချစ်မြတ်နိုးသူများသို့

အမျိုးသားစာပေဆုရှင် စာရေးဆရာချစ်စံဝင်း၏ အမှာစာပါရှိသော ဗိုလ်ချုပ်အောင်ဆန်း၏ ကံကြမ္မာနှင့် ထူးခြားထွေလာဖတ်စရာများ ဥပဒေကျမ်းပြုဆရာ ဦးမြ၊ အငြိမ်းစားညွှန်ကြားရေးမှူး(တရားမ)၏ အမှာစာ ပါရှိသည့် တရားခွင်လက်တွေ့အသုံးချ ဥပဒေသိကောင်းစရာများ စာအုပ်များကို လှိုက်လှိုက်လှဲလှဲ ဝယ်ယူ အားပေးချီးမြှင့်ကြသော အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် စာပေချစ်သူများအား အထူးကျေးဇူးတင်ရှိပါကြောင်း မေတ္တာတုံ့ပြန်အပ်ပါသည်။

မောင်မောင်သောင်းမြင့်(တရားရေး)
နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ စာပေဗိမာန်အဆောက်အအုံ
ကုန်သည်လမ်း၊ ရန်ကုန်မြို့။



ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ်(၁၈) အခြေခံပညာမူလတန်းကျောင်း၏ ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၆ရက်က ကျင်းပရာ ပထမတန်း(က)မှ ပထမဆုရရှိသော မောင်ဇေယျာလင်းအား မြို့နယ်ပညာရေးမှူး ဦးလှရီက ဆုချီးမြှင့်စဉ်။ (ပညာရေး)

မြောက်ဥက္ကလာပ ရတနာသီရိဈေး မီးဘေးကြိုတင်ကာကွယ်
လက်တွေ့ မီးငြိမ်းသတ်နည်း သရုပ်ပြဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ရတနာသီရိဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဟန်ဝင်းအောင်၊ မြို့နယ်မီးသတ်ဦးစီးအရာရှိဦးအေးကျော်၊ ဈေးတာဝန်ခံဦးဝင်းမြင့်၊ ဈေးသာယာရေးကော်မတီဥက္ကဋ္ဌဦးအောင်မိုးတို့သည် ဇန်နဝါရီ၃၁ရက်က ဈေးသူဈေးသားများအား မီးဘေးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးတို့ကို အထူးသတိရှိစွာဆောင်ရွက်ကြရန် ဟောပြောပြီး လက်တွေ့မီးငြိမ်းသတ်နည်းကို ပြသ၍ မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံစစ်ဆေးဆောင်ရွက်ကြသည်။ (၁၃၅)

မီးဘေးလုံခြုံရေးစီမံချက်အရ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ရေးမြို့ အောင်မေတ္တာရပ်ကွက် မီးသတ်ရေကန် ရေဖြည့်ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၂၀ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ရဲမင်းနှင့် တပ်ဖွဲ့ဝင်များ ကွင်းဆင်းဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

ကားဝပ်ရှော့ ပြောင်းရွှေ့ပေးစေချင်

စာတည်းခင်ဗျား-

တောင်ဥက္ကလာပမြို့နယ် (၁၄/၁)ရပ်ကွက် ၈လမ်းရှိ ကားဝပ်ရှော့တွင် ကားများကို လမ်းဘေးဝဲယာ နှစ်ဖက်ပိတ်ဆို့ပြီး ပြုပြင်နေ၍ လမ်းသွားလမ်းလာများ၊ ကားများ ရှောင်တိမ်းရခက်သည့်အတွက် သက်ဆိုင်ရာက သင့်လျော်ရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။ **မောင်မြင့်သာ**

အဝေးပြေးယာဉ်များ လမ်းပိတ်ဆို့ရပ်နားမှု ကြပ်မတ်ပေးစေလို

စာတည်းခင်ဗျား-

မြဝတီခရိုင် မြဝတီမြို့နယ်နှင့် အခြားမြို့နယ်များသို့ ပြေးဆွဲလျက်ရှိသော အဝေးပြေး မော်တော်ယာဉ်ငယ်အချို့သည် သတ်မှတ်ထားသော အဝေးပြေး မော်တော်ယာဉ်ရပ်နားစခန်း၊ မော်တော်ယာဉ်ကားဝင်းတွင် ဂိတ်ထိုး ညအိပ် ရပ်နားခြင်းမပြုဘဲ ဘုရင့်နောင်လမ်းမကြီးပေါ်၌ ကန့်လန့်ဖြတ် စီတန်းပိတ်ဆို့၍ ညအိပ်ရပ်နား ဂိတ်ထိုးခြင်း၊ ကုန်တင်ခြင်း၊ ခရီးသည်များ ခေါ်ဆိုခြင်း ပြုလုပ်လျက်ရှိရာ သက်ဆိုင်ရာမှကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ဘုရင့်နောင်လမ်းသား

အင်တာနက်ဆိုင်မှ မီးစက်သံနားမခံနိုင်

စာတည်းခင်ဗျား-

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၉) ရပ်ကွက် စည်ပင်လမ်း ကျန်းမာရေး မှတ်တိုင်အနီး၌ဖွင့်ထားသော အင်တာနက်ဆိုင်မှ လုပ်ငန်းသုံးမီးစက်သည် နေ့ရောညပါ နားမခံသာအောင် ဆူညံနေပြီး စက်သုံးဆီ ညော်နံ့များပါ ထွက်နေသဖြင့် ပတ်ဝန်းကျင်တွင်နေထိုင်သော မိသားစုများမှာ ညော်နံ့နှင့် ဆူညံသံကြောင့် အနှောင့်အယှက်ဖြစ်ရပါသဖြင့် လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

စိတ်အနှောင့်အယှက်ဖြစ်ရသူများ

မြောင်းပိတ်ဆို့ခြံခတ်ထားခြင်းကို ဖယ်ရှားပေးစေလို

စာတည်းခင်ဗျား-

ပဲခူးတိုင်း ပဲခူးမြို့ ရုံးကြီးရပ်ကွက် ပြည်တော်သာအရှေ့ထိပ်ရှိ (၃)လမ်းနှင့် (၂)လမ်း နောက်ဖေးလမ်းကြား၏ ရေမြောင်းအား ပိတ်ဆို့ခြံခတ်၍ မြေဖို့ထားသောကြောင့် နောက်ဖေးမြောင်းမှရေများ မစီးဆင်းသဖြင့် အနံ့ဆိုးများနှင့် အမှိုက်များ ရေမြောင်းအတွင်း ပိတ်ဆို့လျက်ရှိရာ ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

သန့်ရှင်းစေလိုသူ

သထုံမြို့ ရေကျော်ကျောင်းလမ်းသွယ် ပြုပြင်ပေးပါ

စာတည်းခင်ဗျား-

မွန်ပြည်နယ် သထုံမြို့ သိမ်ကုန်းရပ်ကွက် ရေကျော်ကျောင်းလမ်းသွယ်မှာ မိုးရာသီတွင် ရေများစီးဆင်းမှုကြောင့် ယခုနွေရာသီတွင် ချိုင့်ခွက်များဖြစ်ကာ လမ်းမှာပျက်စီးနေပါသဖြင့် လူ၊ ယာဉ်များသွားလာရခက်ခဲသောကြောင့် မြို့အင်္ဂါရပ်နှင့်အညီ ပြုပြင်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

လမ်းသူ၊ လမ်းသားများ

စည်းကမ်းမဲ့ဈေးသည် ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် လှော်ကားနီလာဈေးရှိ ပုံကျဈေးသည်များသည် ဈေးအတွင်းရောင်းချခြင်းမပြုဘဲ ရပ်ကွက်အတွင်းသွားလာသော လမ်းမများနှင့် သောက်ရေကန်နံဘေးများတွင် နေ့စဉ်မိုးလင်းမိုးချုပ် တစ်နေကုန်ရောင်းချလျက်ရှိရာ ငှင်းဈေးသည်များ၏ စည်းကမ်းမဲ့အမှိုက်များကြောင့် မီးဘေးအန္တရာယ်စိုးရိမ်ရပါသဖြင့် ပုံကျဈေးသည်များအား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **မီးဘေးကင်းစေလိုသူ**

ယခင်အတိုင်း လမ်းပြန်ပိတ်ဆို့နေ

စာတည်းရှင့်-

ကမာရွတ်မြို့နယ် အမှတ်(၃)ရပ်ကွက် ပေ ၅၀လမ်းပေါ်ရှိ ပုံကျဈေးသည် ကိစ္စကို စာတည်းထံပေးစာတွင်တွေ့ရပြီး သက်ဆိုင်ရာမှ ဆောင်ရွက်ပေးခဲ့သဖြင့် လမ်းသူလမ်းသားများအနေဖြင့် ဝမ်းသာရသော်လည်း နှစ်ပတ်မျှသာရှင်းလင်း၍ ယခုအခါ ယခင်အတိုင်း ပြန်ဖြစ်ရုံသာမက ကားများသွားလာ၍မရအောင် လမ်းပိတ်ဆို့နေပါ၍ သက်ဆိုင်ရာမှ ထပ်မံရှင်းလင်းပေးပါရန် တင်ပြလိုက်ရပါသည်။ လမ်းသူတစ်ဦး

ဝက်ဒိုင်မှ အနံ့ဆိုးများထွက်

စာတည်းရှင့်-

ပဲခူးတိုင်း(အနောက်ပိုင်း) ဇီးကုန်းမြို့ အမှတ်(၃)ရပ်ကွက် ရန်ကုန်-ပြည်လမ်းရှိ ဝက်ဒိုင်မှာ ဝက်ချေးများဖြင့် အလွန်ညစ်ပတ်ပြီး အနံ့ဆိုးများလွန်စွာထွက်ပေါ်နေပါ၍ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ ကျန်းမာရေးထိခိုက်ရပါသဖြင့် အဆိုပါ ဝက်ဒိုင်အား ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။ **အနံ့မခံနိုင်သူ**

မြို့လယ်ကအမှိုက်ကန် သန့်ရှင်းစေရန် ဆောင်ရွက်ပြီးစီး

၂၅-၁-၂၀၁၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **သန်လျင်မြို့ မြို့မဈေး မြို့လယ်ကြက်လျှာစွန်းရှိ အမှိုက်ကန် အမှိုက်များကုန်စင်အောင် သိမ်းဆည်းမှုမရှိ** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

မြောင်းမြ၌ လမ်းပိတ်ဆို့မှုရှင်းလင်းပြီး

၇-၁၂-၂၀၀၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မြောင်းမြမြို့ အောင်ဆန်းလမ်း(ကမ်းနားလမ်း)တစ်လျှောက် ကျူးကျော်ဆိုင်ခန်းများကြောင့် လမ်းပိတ်ဆို့**ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးဖြစ်ကြောင်းဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ-
ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

သတင်းမြင်ကွင်း - ဝင်းကျော် (မြန်မာ့အလင်း)

ဓာတ်ပုံမှတ်တမ်း - ခင်မောင်ဝင်း (ကြေးမုံ)

စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင် (မြန်မာ့အလင်း)

စိတ်လက်ပျော်ရွှင်ကြည်နူးဖွယ် ခံစားကြည့်ရှုနိုင်မည့်

အောင်သပြေ အဆင့်မြင့်ရုပ်ရှင်ရုံ မကြာမီဖွင့်လှစ်မည်

အောင်သပြေ အဆင့်မြင့်ရုပ်ရှင်ရုံ၏ ရှေ့မျက်နှာစာမြင်ကွင်းကို လှပသောဒီဇိုင်းဖြင့် ဤသို့ ပုံဖော်တည်ဆောက်ထားသည်။
ဓာတ်ပုံမှတ်တမ်း-ခင်မောင်ဝင်း (ကြေးမုံ)

နေပြည်တော် ဖေဖော်ဝါရီ ၂၁

လူတို့၏ နေထိုင်မှုဘဝတွင် အလုပ်နှင့် မည်သူမျှ မကင်းနိုင်ချေ။ အလုပ်လုပ်ကိုင်ပြီးသည့်နောက် စိတ်ခန္ဓာ ပင်ပန်းနွမ်းနယ်မှုကို ပြေပျောက်စေရန် အပန်းဖြေ အနားယူရန် လိုအပ်သည်။

စာမျက်နှာ ၇ ကော်လံ ၁ ❒

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ညအခါ နှစ်ခြိုက်စွာ အိပ်စက်ခဲ့လျှင် မှတ်ဉာဏ်စွမ်းအား ပိုမိုကောင်းစေနိုင်

နေ့အခါ တစ်ခဏတာ အိပ်စက်အနားယူခြင်းသည် ပင်ပန်းနွမ်းနယ်မှုကို ပြေပျောက်စေနိုင်သော်လည်း ညအခါ နှစ်ခြိုက်စွာ အိပ်စက်ခြင်းမှာ မှတ်ဉာဏ်စွမ်းအားကို ပို၍ကောင်းမွန်စေနိုင်ကြောင်း အမေရိကန် သုတေသနသိပ္ပံပညာရှင်များက လေ့လာတင်ပြထားသည်။

ပြန်လည်ဖြည့်ဆည်းပေး

အိပ်စက်အနားယူခြင်းသည် ဦးနှောက်မှတ်ဉာဏ်စွမ်းအားကို ပြန်လည်ဖြည့်ဆည်းပေးခြင်းပင်ဖြစ်ကြောင်း ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသီများက တင်ပြခဲ့သည်။

အဆိုပါ သုတေသနအဖွဲ့သည် နေ့အခါ အိပ်စက်အနားယူသောအဖွဲ့နှင့် ညအခါ အိပ်စက်သည့် အဖွဲ့တို့ကို ခွဲခြားပြီး သုတေသနပြုခဲ့ရာ ညအခါ နှစ်ခြိုက်စွာ အိပ်စက်သူများမှာ မှတ်ဉာဏ်စွမ်းအား ပိုမိုကောင်းမွန်စေနိုင်ကြောင်း လေ့လာတွေ့ရှိခဲ့ရသည်။ ။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ သတင်းစာသုံးမျိုးကို ဒေသအသီးသီးရှိ သတင်းစာကိုယ်စားလှယ်များထံသို့ တစ်စောင်လျှင် ကျပ် ၅၀ နှုန်းဖြင့် အရောက်ပို့ဆောင်ပေးလျက်ရှိပါသည်။

မီးကိုသတိ မြဲထားရှိ
စောင့်ကြည့်နေပါ သင့်ဝန်တာ